

# အစွန်းရောက်အမျိုးသားရေး
# အတွေးအခေါ် အား
# လက်နက်တပ်ဆင်ခြင်း

NLTA
NYAN LYNN THIT ANALYTICA

ဉာဏ်လင်းသစ်သုတေသနအဖွဲ့သည် နိုင်ငံရေးနှင့် လူမှုဖြစ်စဉ်များကို စဉ်ဆက်မပြတ် စောင့်ကြည့် လေ့လာနေသောအရပ်ဘက်သုတေသနအဖွဲ့ အစည်းတခုဖြစ်သည်။

NLTA
NYAN LYNN THIT ANALYTICA
အတွဲ (၁)၊ အမှတ် (၄)၊ ဒီဇင်ဘာလ၊ ၂၀၂၃

# မာတိကာ

အမှာစာ ........................................ ၅
သုတေသနနည်းနာ ........................................ ၅

၁။ နိဒါန်း ........................................ ၆
၂။ ပျူစောထီးနှင့် ပြည်သူ့စစ် ........................................ ၉
၃။ စစ်ကောင်စီ၏ တရားဝင်ပြောဆိုလုပ်ဆောင်ချက်များ ........................................ ၁၁
၄။ ဦးဆောင်ဖွဲ့စည်းသူများ ........................................ ၁၃
၅။ အင်အားစုဆောင်းခြင်း ........................................ ၁၆
၆။ လုပ်ဆောင်ချက်များ ........................................ ၁၈
၇။ ပြည်သူ့စစ်(ပျူစောထီး)များ၏ ရပ်တည်မှုအခြေအနေ ........................................ ၂၃
၈။ တော်လှန်ရေးအင်အားစုများ၏တုံ့ပြန်မှုများ ........................................ ၂၅
၉။ ဝိရောဓိများ ........................................ ၂၇
၁၀။ နိဂုံး ........................................ ၂၉

ရည်ညွှန်းအကိုးအကား ........................................ ၃၁

## အမှာစာ

မြန်မာ့နိုင်ငံရေးအခင်းအကျင်းနှင့် တော်လှန်ရေးဖြစ်စဉ်များ၌ အမျိုးသားရေးအစုအဖွဲ့များ၏ သမိုင်းဆိုင်ရာအရေးပါမှုနှင့် သက်ရောက်မှုကို ကျယ်ကျယ်ပြန့်ပြန့် နားလည်သဘောပေါက်ရန် အရေးကြီးသည်။ စစ်အာဏာသိမ်းနောက်ပိုင်း အမျိုးသားရေးအစုအဖွဲ့များမှပေါ်ပေါက်လာသော ပျူစောထီးအဖွဲ့၏ လှုပ်ရှားမှုများအပေါ် လေ့လာဆန်းစစ်မှုများလည်း လိုအပ်ပါသည်။

ပျူစောထီးအဖွဲ့သည် မြန်မာနိုင်ငံ၌ အင်အားပမာဏအမျိုးမျိုး၊ သစ္စာခံမှုနှင့် လည်ပတ်မှုပုံစံအမျိုးမျိုးဖြင့် လှုပ်ရှားလျက်ရှိ၏။ ယင်းတို့၏ အရေအတွက်ကို ခန့်မှန်းရာတွင် ကွဲပြားမှုများရှိသော်ငြား ပျူစောထီးအဖွဲ့များသည် နိုင်ငံအနှံ့တည်ရှိနေပြီး ဒေသအလိုက် စစ်ဆင်ရေးနယ်မြေများတွင် တော်လှန်ရေးအင်အားစုများကို တန်ပြန်နိုင်သော လက်နက်ကိုင်အဖွဲ့များအဖြစ် တည်ရှိလျက်ရှိသည်။

ယခုသုတေသနစာတမ်းသည် ပျူစောထီးနှင့်ပတ်သက်သည့် သမိုင်းကြောင်းနှင့် ဖြစ်စဉ်များကို လေ့လာသုံးသပ်ထားပြီး စစ်အာဏာသိမ်းနောက်ပိုင်း ဖြစ်ပေါ်လာသော အခြေအနေများကို ဖော်ထုတ်တင်ပြရန် ရည်ရွယ်ပါသည်။ စစ်ကောင်စီနှင့် ပျူစောထီးများ၏ ပတ်သက်ဆက်နွယ်မှုများအပြင် ၎င်းတို့ ကျူးလွန်ခဲ့သော စစ်ရာဇဝတ်မှုများ၊ လူ့အခွင့်အရေးချိုးဖောက်မှုများကိုလည်း ဖော်ပြထားသည်။ ဤအစီရင်ခံစာကို စစ်အုပ်စုကျောထောက်နောက်ခံ လက်နက်ကိုင်အဖွဲ့များနှင့် ပတ်သက်၍ ရှုပ်ထွေးသော အခြေအနေများကို လေ့လာရာတွင် ပံ့ပိုးကူညီနိုင်ရန်အတွက် ရည်ရွယ်ရေးသားထားပါသည်။

## သုတေသနနည်းနာ

ဤအစီရင်ခံစာကို ဉာဏ်လင်းသစ်သုတေသနအဖွဲ့မှ ကောက်ယူစုဆောင်းထားသော သတင်းမီဒီယာ ၅၃ ခု ၏ သတင်းအချက်အလက်များနှင့် အဖွဲ့အစည်းများ၏ တရားဝင်ထုတ်ပြန်ချက်များအပေါ် အခြေခံကာ လေ့လာဆန်းစစ်တင်ပြထားခြင်းဖြစ်ပါသည်။

# ၁။ နိဒါန်း

ပျူစောထီးမှာ စင်စစ်အားဖြင့် နန်ကျောင်[၁]ပုံပြင်မှ သူရဲကောင်းသာဖြစ်ပါသည် **(Tun, 1969)** ။ သို့သော် မြန်မာတို့သည် ပျူစောထီးကို လေးအတတ်ထူးချွန်၍ ဝက်၊ ကျား၊ ရှူးပျံနှင့် ငှက်ဆိုးကြီးတို့ကို နှိမ်နင်းခဲ့သော ပုဂံခေတ်နှင့် ဆက်စပ်သည့် ဗုဒ္ဓဘာသာဝင် သူရဲကောင်းတဦးအဖြစ် ချိတ်ဆက်ပုံဖော်ရည်ညွှန်းပြောဆိုလေ့ရှိကြသည်။ ပုဂံရှိ ဗူးဘုရားကို ပျူစောထီးမင်းတည်ထားခဲ့သည်ဟု ဆိုကြသည်။ “ပျူစောထီး” ဟူသော အမည်ကို အစွဲပြု၍ ဖွဲ့စည်းခဲ့သည့် လက်နက်ကိုင်အဖွဲ့သည် ဖဆပလအစိုးရ လက်ထက်၌ ပေါ်ပေါက်ခဲ့သည်။ တော်လှန်ပုန်ကန်မှုများကို နှိမ်နင်းရန် အရည်အချင်း မမီ၍ ခေတ်သစ်တပ်မတော်အတွင်းသို့ ဝင်ခွင့်မရသော ရဲဘော်ဟောင်း၊ အလုပ်လက်မဲ့ နှင့် လူဆိုးဓားပြများကို လက်နက်တပ်ဆင်ပေးကာ စစ်ဝန်ထမ်းတပ်ကို ဖဆပလအစိုးရ က ဖွဲ့စည်းခဲ့သည်။ ၁၉၅၆ ခုနှစ်တွင် ပျူစောထီးဟူသော အမည်ဖြင့် ထွက်ပေါ်လာခဲ့ ပြီး ဖဆပလအစိုးရ၏ ခါးပိုက်ဆောင်တပ်အဖြစ်ဆောင်ရွက်ခဲ့သည် ***(ဦးအောင်ခင် & ဉာဏ်ဝင်းအောင်, 2022)***။

နဝတ[၂]၊ နအဖ[၃] လက်ထက် တော်လှန်ရေးအင်အားစုများကို ဖိနှိပ်ရာတွင် စွမ်းအားရှင် ကဲ့သို့ လူမိုက်များကို ဖွဲ့စည်းကာ အသုံးချခဲ့ဖူးသည်။ ဦးသိန်းစိန်အစိုးရလက်ထက် ၂၀၁၅ ခုနှစ်၊ မတ်လတွင် ရန်ကုန်မြို့၊ မြို့တော်ခန်းမရှေ့၌ ပြုလုပ်သော ကျောင်းသား သပိတ်ကို ထောက်ခံသည့် ဆန္ဒပြပွဲကို အင်အားသုံးဖြိုခွင်းရာတွင် လက်ပတ်နီပတ်ထား သော အရပ်ဝတ်စွမ်းအားရှင်ဆိုသူများပါဝင်ခဲ့သည် ***(Dawei Watch, 2015)***။ ထိုသို့ ဖြို ခွဲရာတွင် အာဏာပိုင်တို့က ရန်ကုန်မြို့ရှိ ဆင်းရဲနွမ်းပါးပြီး လူနေမှုအဆင့်အတန်းနိမ့် ကျသော ရပ်ကွက်ကျေးရွာများမှ ဒေသခံများကို စွမ်းအားရှင်များအဖြစ် အသုံးချခဲ့သည် ***(ဆွေဝင်း, 2015)***။

---

၁ ယနေ့ခေတ် တရုတ်နိုင်ငံယူနန်ပြည်နယ်အလယ်ပိုင်းတွင် တည်ရှိခဲ့ပြီး ခရစ်နှစ် ၇၃၈ ခုနှစ်မှ ၉၃၇ ခုနှစ်အထိ နှစ်ပေါင်း ၂၀၀ မျှ တည်တံ့ခဲ့သည့် နိုင်ငံဖြစ်သည်။

၂ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့

၃ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

၂၀၂၁ ခုနှစ်၊ စစ်အာဏာသိမ်းနောက်ပိုင်းတွင် စစ်တပ်ထောက်ခံသူများသည် အကြမ်းမဖက်အာဏာဖီဆန်ရေးလှုပ်ရှားမှုများကို ဖိနှိပ်ရာတွင် ပါဝင်ခဲ့ပြီး အကြမ်းဖက်တိုက်ခိုက်မှုများပြုလုပ်ခဲ့ကြသည်။ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီ ၂၅ ရက်တွင် စစ်အာဏာသိမ်းမှုကို ဆန့်ကျင်ဆန္ဒပြသော ပြည်သူများကို တုတ်၊ ဓားလက်နက်များကိုင်ဆောင်ထားသည့် စစ်တပ်ထောက်ခံသူများက ဝိုင်းဝန်းတိုက်ခိုက်မှုများပြုလုပ်ခဲ့သည် ***(Myanmar Now, 2021)***။ ဆန္ဒပြပြည်သူတဦး ဓားထိုးခံရပြီး ပြည်သူအချို့ ထိခိုက်ဒဏ်ရာရရှိကာ ကားတချို့ပျက်စီးခဲ့သည် ***(တင်အောင်ခိုင်, 2021)***။ တော်လှန်ရေးတွင် ပါဝင်သူများ၏ သတင်းအချက်အလက်များကိုလည်း စစ်အုပ်စုထံသို့ ၎င်းတို့က စုဆောင်းပေးပို့ခဲ့သည်။

စစ်အုပ်စု၏ အကြမ်းဖက်နှိမ်နင်းမှုကြောင့် နွေဦးတော်လှန်ရေးသည် လက်နက်ကိုင်တော်လှန်ရေးအသွင်သို့ ကူးပြောင်းလာခဲ့သည်။ လက်နက်ကိုင်တော်လှန်ရေးလှုပ်ရှားသူများက စစ်တပ်သတင်းပေး အုပ်ချုပ်ရေးမှူးများနှင့် စစ်တပ်ထောက်ခံသူများကို သတိပေးမှုများ ပြုလုပ်လာပြီး လက်နက်ဖြင့် တုံ့ပြန်ရန်ကြိုးပမ်းလာခဲ့သည်။ စစ်တပ်ထောက်ခံသူများ၊ အမျိုးသားရေးအစွန်းရောက်များကလည်း လက်နက်ကိုင်တော်လှန်ရေးလှုပ်ရှားသူများကိုသာမက လုပ်ငန်းခွင်စွန့်ခွာသော အစိုးရဝန်ထမ်းများ၊ အကြမ်းမဖက်ဆန္ဒပြသူများ၊ တော်လှန်ရေးတွင် ပံ့ပိုးပါဝင်သူများ၏ သတင်းအချက်အလက်များကို စုံစမ်းထောက်လှမ်းခြင်း၊ သတင်းပေးပို့ခြင်း၊ ခြိမ်းခြောက်ခြင်း၊ ဖမ်းဆီးခြင်း၊ လုပ်ကြံသတ်ဖြတ်ခြင်းများကို လုပ်ဆောင်ခဲ့သည်။ ဤသို့လုပ်ဆောင်ရာတွင် "ပျူစောထီး"ဟူသော အမည်ကို ကျယ်ပြန့်စွာ သုံးစွဲလာခဲ့သည်။ နိုင်ငံအနှံ့အပြားတွင် ပျူစောထီးခေါင်းစဉ်ဖြင့် လူထုဆန့်ကျင်ရေး အစုအဖွဲ့များ ဖွဲ့စည်းခဲ့သည့် သတင်းများ ထွက်ပေါ်ခဲ့သည်။ ၂၀၂၁ ခုနှစ်၊ မတ်လ ၅ ရက်တွင် မန္တလေးမြို့၌ ပျူစောထီးအဖွဲ့ကို လျှို့ဝှက်ဖွဲ့စည်းလိုက်သည်ဟု ပျူစောထီး(ဗဟို)မှ ကြေညာချက်ထုတ်ပြန်ခဲ့ခြင်းကို ခိုင်မာသည့် အထောက်အထားတခုအဖြစ် မှတ်တမ်းတင်နိုင်သည်။ ပျူစောထီးအဖွဲ့၏ ကြေညာချက်များ၊ ညွှန်ကြားချက်များတွင် အသုံးပြုသော အဖွဲ့အမှတ်တံဆိပ်သည် ဗုဒ္ဓဘာသာ သာသနာ့အလံပေါ်တွင် လေးတင်ထားသည့် လူတဦး၏ ရုပ်ကို ပျူစောထီးအဖြစ် ရည်ညွှန်းပုံဖော်ကာ တံဆိပ်ဝိုင်းဖြင့် ခပ်နှိပ်ထားသောပုံဖြစ်သည်။ အမျိုး၊ ဘာသာ၊ သာသနာဟူသည့် စာသားကိုလည်း ရေးသားထားသည် ***(BBC News မြန်မာ, 2021)***။ ပုဂံခေတ် ဗုဒ္ဓသာသနာထွန်းကားခြင်းနှင့် အခြားအယူဝါဒများအား နှိမ်နင်းခြင်း၊ တုရင်တောင်၊ ဖူးဘုရားတို့နှင့် ပျူစောထီးအား ဆက်စပ်တည်ဆောက်ထားသည့် ရာဇဝင် စသည့်အငွေ့အသက်များနှင့် ဆက်စပ်၍ ပျူစောထီး

ဟူသော အမည်ကို သုံးစွဲထားသည်။ ဤသည်ကိုကြည့်ခြင်းဖြင့် ပျူစောထီးအဖွဲ့ကို ဖွဲ့စည်းရာတွင် ဘာသာရေးနှင့် အမျိုးသားရေးကို အခြေပြုသော အတွေးအခေါ်ပါဝင် လျက်ရှိသည်ကို တွေ့နိုင်သည်။

# ၂။ ပျူစောထီးနှင့် ပြည်သူ့စစ်

နဝတ၊ နအဖ လက်ထက်ကပင် စစ်အုပ်စုသည် လူမျိုးစုဒေသများ၌ လူမျိုးရေး၊ ဘာသာရေး အခြေခံ၍လည်းကောင်း၊ အကျိုးစီးပွားအခြေခံဖြင့်လည်းကောင်း ကွဲပြားခြားနားသည့် အခြေအနေများကို အသုံးချကာ စစ်သင်တန်းပေးခြင်း၊ လက်နက်တပ်ဆင်ပေးခြင်းများ တရားဝင်လုပ်ဆောင်၍ ပြည်သူ့စစ်နှင့် နယ်ခြားစောင့်တပ်များ ညွှန်ကြားရေးမှူးရုံးလက်အောက်တွင် ဌာနေပြည်သူ့စစ်များ ဖွဲ့စည်းခဲ့သည်။ စစ်တပ်က ပြည်သူ့စစ်များကို ယူနီဖောင်းနှင့် လစာရိက္ခာများ တရားဝင်ပေးအပ်သည်။ အခြားတဘက်တွင်လည်း စစ်တပ်အပေါ် သစ္စာခံနေသမျှ ဒေသတွင်း ကန့်သတ်အာဏာပေးအပ်ခြင်းနှင့် တရားဝင် စီးပွားရေးလုပ်ပိုင်ခွင့်များသာမက တရားမဝင်စီးပွားရေးလုပ်ဆောင်မှုများအား မသိကျိုးကျွံခွင့်ပြုထားခြင်းများကိုလည်း ပြုလုပ်ခဲ့ကြသည်။ ၂၀၂၁ ခုနှစ်၊ စစ်အာဏာသိမ်းပြီးနောက် စစ်အုပ်စုသည် ဆယ်စုနှစ်များစွာတိုက်ပွဲဖြစ်ပွားခြင်းမရှိခဲ့ဘဲ စစ်မျက်နှာအသစ်ဖြစ်လာသည့်ဒေသများတွင် ပြည်သူ့စစ်များဖွဲ့စည်းရန် ကြိုးပမ်းလာသည်။ ပြည်သူ့စစ်များသည် စစ်တပ်၏ အဆင့်ဆင့်ကွပ်ကဲမှု (Chain of Command) အောက်တွင် စစ်ကောင်စီတပ်သားများနှင့်အတူ တာဝန်များကို ထင်ထင်ရှားရှား ပူးတွဲလုပ်ဆောင်သည်။ စစ်ကောင်စီသည် စစ်အာဏာသိမ်းပြီးနောက် ပြည်သူ့စစ်များဖွဲ့စည်းခြင်းကို တရားဝင်ဝန်ခံပြောဆိုထားသည်။

စစ်အာဏာသိမ်းပြီးနောက် စစ်တပ်ထောက်ခံသူများနှင့် အမျိုးသားရေးအစွန်းရောက်များက “ပျူစောထီး” ဟူသော အမည်ကို ကျယ်ကျယ်ပြန့်ပြန့်သုံးစွဲကာ တော်လှန်ရေးအင်အားစုများကို သတင်းထောက်လှမ်းခြင်း၊ ဖိနှိပ်ခြိမ်းခြောက်ခြင်း၊ လုပ်ကြံသတ်ဖြတ်ခြင်းများ လုပ်ဆောင်ခဲ့သည်။ သွေးသောက်၊ Yangon Castigate Group (YCS)၊ စွန်ရဲ၊ သွေးသစ္စာ၊ မျိုးချစ်ညွန့်ပေါင်း စသော သီးခြားအမည်များဖြင့်လည်း သတ်ဖြတ်တိုက်ခိုက်မှုများကို အကောင်အထည် ဖော်ခဲ့ကြသည်။ စစ်အုပ်စုကမူ ပြည်သူ့စစ်မှလွဲ၍ အခြားအဖွဲ့အစည်းများအား လက်နက်ထောက်ပံ့ထားခြင်းကို တရားဝင်ဝန်ခံခြင်းမရှိပေ။ ပြည်သူ့စစ်မှအပ အခြားအဖွဲ့အစည်းများသည် ၎င်းတို့နှင့် သက်ဆိုင်ခြင်းမရှိကြောင်း တရားဝင်ပြောကြား၍ ယင်းအဖွဲ့များ၏ ကျူးလွန်မှုများကို တာဝန်ခံရခြင်းမှ ရှောင်လွှဲ

လျက်ရှိသည်။ နောက်ပိုင်းတွင် ပျူစောထီးဟူသည့်အမည်ဖြင့် လှုပ်ရှားခဲ့သည့် အစုအဖွဲ့အများစုသည် "ပြည်သူ့စစ်" ဟူသော အမည်ကို ပြောင်းလဲသုံးစွဲလာကြသည်။ သို့ရာတွင် ခြိမ်းခြောက်ခြင်းနှင့် လျှို့ဝှက်သတ်ဖြတ်ခြင်း စသည့် လုပ်ငန်းများကိုမူ အခြားသော အဖွဲ့အစည်းအမည်များဖြင့် ဆက်လက်လုပ်ဆောင်နေဆဲဖြစ်သည်။ မြေပြင်အခြေအနေများတွင် ပြည်သူ့စစ်နှင့် ပျူစောထီးများကို ခွဲခြားပြောဆိုရန် ခက်ခဲသည်။ မည်သို့ပင်ဖြစ်စေ ၂၀၂၁ ခုနှစ်နောက်ပိုင်း စစ်အုပ်စုက လက်နက်ပံ့ပိုးသော ပြည်သူ့စစ်များ၊ စစ်တပ်သတင်းပေးများ၊ တော်လှန်ရေးအင်အားစုများကို ဖိနှိပ်သူများ၊ လုပ်ကြံသတ်ဖြတ်သူများကို ပျူစောထီးများ(ပျူများ) ဟုသာ အများကယေဘုယျအားဖြင့် ခြုံငုံသုံးစွဲကြသည်။

# ၃။ စစ်ကောင်စီ၏ တရားဝင်ပြောဆို လုပ်ဆောင်ချက်များ

စစ်တပ်ထောက်ခံသူများက ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များကို တန်ပြန်လုပ်ဆောင်ခြင်းနှင့် ပတ်သက်၍ ရာဇသတ်ကြီးဥပဒေပုဒ်မ ၁၀၀ အရ အသက်အန္တရာယ်ပြုခြိမ်းခြောက်မှုများကို ခုခံကာကွယ်ခြင်းသည် ဥပဒေနှင့် ညီညွတ်သည်ဟု ၂၀၂၁ ခုနှစ်၊ ဇွန်လတွင်ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင် ဇော်မင်းထွန်း(စစ်ကောင်စီ၏ပြောရေးဆိုခွင့်ရှိသူ)က ပြောကြားထားသည် ***(Ayeyarwaddy Times, 2021)***။ “အချို့ကျေးရွာများတွင် ပြည်သူလူထု၏ တောင်းဆိုချက်အရ ပြည်သူလူထုပါဝင်သော ကာကွယ်ရေးစနစ်ဖြစ်သည့် ပြည်သူ့စစ်အဖွဲ့များ ဖွဲ့စည်းပေးခဲ့သည်” ဟု ၂၀၂၂ ခုနှစ်၊ မတ်လသတင်းစာရှင်းလင်းပွဲတွင် ဇော်မင်းထွန်း(စစ်ကောင်စီ၏ပြောရေးဆိုခွင့်ရှိသူ)က ထုတ်ဖော်ပြောဆိုခဲ့သည် ***(စသန့်ဇင်, 2022; Myanmar National Post, 2022)***။ "PDF များက သူတို့ကို မထောက်ခံတဲ့အတွက် ရန်ရှာနေတဲ့ ရွာတွေအတွက် ကျေးရွာလုံခြုံရေးအတွက် ကျနော်တို့အနေနဲ့ အဲဒီဘက်မှာ ပြည်သူ့စစ်အဖွဲ့ ဖွဲ့စည်းထားတာတော့ရှိတယ်။ သံဃာတော်တွေအနေနဲ့ကတော့သူတို့ကို လက်နက်ထောက်ပံ့ပေးတာမရှိဘူး။ ထောက်ပံ့ပေးစရာလည်း အကြောင်းမရှိဘူး” ဟူ၍ ဘုန်းကြီးများလက်နက်ကိုင်ဆောင်ခြင်းကို ငြင်းဆိုထားသည်။ သို့သော် စစ်ကိုင်းတွင် ဘုန်းကြီးများကို စစ်အုပ်စုက စစ်သင်တန်းပေးနေသော ဓာတ်ပုံများ၊ သေနတ်ကိုင်ဆောင်ထားသော ဘုန်းကြီးများကို ရွာသားများက ကြိုဆိုကြသော ရုပ်သံများ လူမှုကွန်ယက်တွင် ပျံ့နှံ့ခဲ့သည် ***(RFA, 2022; Tachileik News Agency, 2022)***။ ပြည်သူများပါဝင်သော ပြည်သူ့လုံခြုံရေးစနစ်ကို အကောင် အထည်ဖော်နေပြီး လိုအပ်သမျှ ထောက်ပံ့ပေးမည်ဟု ဇော်မင်းထွန်း (စစ်ကောင်စီ၏ ပြောရေးဆိုခွင့်ရှိသူ)က ၂၀၂၂ ခုနှစ်၊ ဧပြီလတွင် ပြောကြားခဲ့သည် ***(DVB, 2022)***။ ရပ်ကွက်၊ ကျေးရွာအခြေပြု ပြည်သူ့လုံခြုံရေးအဖွဲ့ကို ဖွဲ့စည်းရန် ၂၀၂၂ ခုနှစ်၊ ဧပြီလ ၃၀ ရက်စွဲပါ ညွှန်ကြားစာတစောင်လည်း ပျံ့နှံ့ခဲ့သည် ***(Khit Thit Media, 2022)***။

“အစိုးရအနေနဲ့ရော တပ်မတော်အနေနဲ့ပါ ဖဆပလလို ဒီမိုကရေစီအရေခြုံ အာဏာရှင်စနစ်ထူထောင်ဖို့ ခါးပိုက်ဆောင်တပ် ပျူစောထီးကို ဖွဲ့ခဲ့တာလည်း မရှိဘူး။ ပျူစောထီး

ဆိုတဲ့ အသုံးအနှုန်းကို မရှိခဲ့ဘူး ဖြစ်ပါတယ်။ တပ်မတော်မှာတော့ တည်ဆဲဥပဒေများအရ ဒေသခံပြည်သူလူထုက သူတို့ရဲ့ကျေးရွာ၊ ရပ်ကွက်တွေရဲ့ လုံခြုံရေးအတွက် ပြည်သူ့စစ်ဖွဲ့စည်းခွင့်တင်ပြလာရင် ဖွဲ့စည်းခွင့်စိစစ်တာတွေ၊ ဖွဲ့စည်းခွင့်ပြုတာတွေ၊ လိုအပ်တဲ့လက်နက်တပ်ဆင်ပေးတာတွေ၊ စစ်မြေပြင်စည်းကမ်းချက်၊ စစ်သင်တန်းတွေပေးတာတွေ ဆောင်ရွက်ပေးပါတယ်။ လိုအပ်ရင်တော့ ဥပဒေအရ ဒေသကာကွယ်ရေးအတွက် ပြည်သူ့စစ်ဖွဲ့စည်းမှုပဲ ရှိပါတယ်။ ရေတိုရည်မှန်းချက်ကတော့ ပြည်တွင်းလက်နက်ကိုင် အကြမ်းဖက်မှုကို ဖျက်ဆီးချေမှုန်းဖို့၊ ရေရှည် ရည်မှန်းချက်ကတော့ နိုင်ငံတော်ကာကွယ်စောင့်ရှောက်ရာမှာ ပြည်သူ့စစ်မဟာဗျူဟာ အစီအမံရဲ့ အစိတ်အပိုင်းအဖြစ်ပါဝင်ဖို့ပဲ ဖြစ်ပါတယ်။ မီဒီယာတွေနဲ့ ဆန့်ကျင်ဘက် အဖွဲ့အစည်းတွေသုံးနေတဲ့ ပျူစောထီးဆိုတဲ့အသုံးအနှုန်းဟာ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလကုန်ခါနီး နွေရောက်လုဆဲဆဲ ဆောင်းအကုန် နွေအကူးကစပြီး အရှုးထခြင်းတမျိုးသာဖြစ်ကြောင်း ပြောကြားလိုပါတယ်” ဟု ဇော်မင်းထွန်း(စစ်ကောင်စီ၏ပြောရေးဆိုခွင့်ရှိသူ)က ၂၀၂၂ ခုနှစ်၊ ဇူလိုင်လတွင် ပြုလုပ်သော သတင်းစာရှင်းလင်းပွဲ၌ ပြောဆိုခဲ့သည် ***(Eleven, 2022)***။

၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက်တွင် နေပြည်တော်၌ မြတ်ကျော်(စစ်ကောင်စီခန့် စစ်ကိုင်းဝန်ကြီးချုပ်)က ပြည်သူ့စစ်တပ်ဖွဲ့ ၇၇ ဖွဲ့ကို လက်နက် ၂၀၀၀ ကျော် တပ်ဆင်ပေးထားသည်ဟု တင်ပြခဲ့သည် ***(စသန့်ဇင်, 2022; ရောဝတီ, 2022)***။ ပြည်သူ့လုံခြုံရေးအဖွဲ့များ ဖွဲ့စည်း၍ ဒေသအလိုက် တည်ငြိမ်အေးချမ်းရေးဆောင်ရွက်သွားမည်ဟု စိုးဝင်း(စစ်ကောင်စီဒုဥက္ကဋ္ဌ)က ၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၁၀ ရက်တွင် ပြုလုပ်သည့် စစ်ကောင်စီအဖွဲ့ညှိနှိုင်းအစည်းအဝေးတွင် ပြောကြားခဲ့သည် ***(ဝေဟင်စိုး, 2022)***။ ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်တွင် လက်နက်ခဲယမ်းကိုင်ဆောင်ခွင့်မူကို စစ်ကောင်စီက ထုတ်ပြန်ခဲ့သည်။ သေနတ်ကိုင်ဆောင်ခွင့် လျှောက်ထားခွင့်ရှိသူ အရည်အချင်းကို သတ်မှတ်ရာတွင် “နိုင်ငံတော်အပေါ်သစ္စာရှိသူဖြစ်ရမည်”၊ “နိုင်ငံတော်၏ လုံခြုံရေး၊ ဒေသဆိုင်ရာလုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် စည်းကမ်းသေဝပ်တည်ငြိမ်ရေးကို အနှောင့်အယှက်ပြုနိုင်သူ မဖြစ်စေရ” စသည်ဖြင့် ဖော်ပြထားသည်။ လျှောက်ထားရာတွင် “ပြည်သူ့ဝန်ထမ်းမဟုတ်သူများသည် သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးအဖွဲ့နှင့် ရဲစခန်းတို့မှ ၁ လအတွင်း ရယူထားသည့် ထောက်ခံချက်မူရင်းပါရှိရမည်”၊ “ပြည်သူ့ဝန်ထမ်းများသည် သက်ဆိုင်ရာဝန်ထမ်းအဖွဲ့အစည်း အကြီးအကဲ၏ ထောက်ခံချက်ပါရှိရမည်” ဟူ၍ ကန့်သတ်ထားသည်။ ဤသည်ကို ကြည့်ခြင်းဖြင့် စစ်အုပ်စုသည် ဥပဒေများထုတ်ပြန်ကာ ၎င်းတို့နှင့်နီးစပ်သူများ၊ စစ်တပ်ထောက်ခံသူများကို လက်နက်ကိုင်ဆောင်ခွင့်ပြုရန် ကြိုးပမ်းလာသည်ကို သိနိုင်သည် ***(MLIS, 2023)***။

# ၄။ ဦးဆောင်ဖွဲ့စည်းသူများ

နိုင်ငံအနှံ့ ခုခံတော်လှန်စစ်များကို ရင်ဆိုင်ရချိန်တွင် စစ်အုပ်စုသည် နယ်မြေကျွမ်းကျင်မှုနှင့် သတင်းများစုဆောင်းရာတွင်သာမက တပ်သားလိုအပ်ချက်ဖြည့်တင်းရာတွင် ပြည်သူ့စစ်(ပျူစောထီး)များကိုအသုံးချရန် ကြိုးပမ်းလာခဲ့သည်။ ဒေသတွင်းသြဇာရှိသော ဗုဒ္ဓဘာသာဘုန်းကြီးများ၊ စစ်အရာရှိဟောင်းများ၊ စစ်အုပ်စုကျောထောက်နောက်ခံ (သို့မဟုတ်) စစ်တပ်အားလိုလားသည့် နိုင်ငံရေးပါတီခေါင်းဆောင်များ၊ ရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ အမျိုးသားရေးအစွန်းရောက်များကို ပြည်သူ့စစ် (ပျူစောထီး) ဖွဲ့စည်းရာ၌ ဦးဆောင်စည်းရုံးစေသည်ကို တွေ့ရသည်။

စစ်ကိုင်းရှိ ကန့်ဘလူ၊ တန့်ဆည်၊ ကျွန်းလှမြို့နယ်များတွင် ဒေသခံများကို ပြည်သူ့စစ်(ပျူစောထီး)များအဖြစ် ဦးဆောင်စည်းရုံးနေသော ဘုန်းကြီး ဦးဝါသဝသည် အစ္စလာမ်ဘာသာဝင်အိမ်ခြေ ၅၀၀ နှင့် ဗုဒ္ဓဘာသာအိမ်ခြေ ၅၀ ရှိသည့် ဒေသတွင် ခွဲခြားမှုမရှိဘဲ စောင့်ရှောက်နိုင်သည်ဟုဆိုကာ ၅၅၀ ဆရာတော်ဟု မိမိကိုယ်ကို အမွှမ်းတင်လေ့ရှိသည်။ “KIA[၄] က ကျုပ်တို့ဗုဒ္ဓဘာသာဘုန်းကြီးတွေကို သတ်တာ အပါး ၈၀ ကျော်နေပြီ။ ဘယ်အစ္စလာမ်ဘာသာဝင်ဘုန်းကြီး၊ ဘယ်ခရစ်ယာန်ဘုန်းကြီးသေသလဲ။ ဗမာချင်းအိမ်ကြက်ချင်းခွပ်ခိုင်းနေတာ” စသည်ဖြင့် ဗုဒ္ဓဘာသာဝင်ဗမာများအချင်းချင်း တိုက်ခိုက်သတ်ဖြတ်ရန် ခရစ်ယာန်ဘာသာဝင်အများစုဖြစ်သော KIA က နောက်ကွယ်မှ စေခိုင်းနေသည်ဟု ပုံဖော်ပြောဆိုလေ့ရှိသည်။ “ဗုဒ္ဓဘာသာဘုန်းကြီးများ၊ ဆရာဆရာမများကိုသတ်ဖြတ်သော KIA နှင့် PDF[5] များသည် မိစ္ဆာနတ်ဆိုးများဖြစ်ပြီး ၎င်းတို့ကို စစ်အုပ်စုက ချေမှုန်းခြင်းသည် ပြစ်မှုမမြောက်သည့်အပြင် ကုသိုလ်ပင်ရသည်” ဟု အမျိုးသားရေးမီဒီယာတခုဖြစ်သော Myanmar National Post နှင့် အင်တာဗျူးတွင် ဦးဝါသဝက ပြောဆိုထားသည်။ တဆက်တည်းတွင် မိမိရပ်ရွာနှင့် အမျိုးဘာသာကို ကာကွယ်ရမည်ဟူသော ခေါင်းစဉ်အောက်မှ စစ်တပ်လက်အောက်ခံ ပြည်သူ့စစ်အတွင်းသို့ ဝင်ရောက်ရန် ဒေသခံများကို အတင်းအကြပ်ခိုင်းစေသည်။ မဝင်ရောက်သူများကို PDF အားပေး

၄ Kachin Independence Army - ကချင်လွတ်မြောက်ရေးတပ်မတော်
၅ People Defence Force - ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့

အကြမ်းဖက်များအဖြစ် သတ်မှတ်မည်ဟု ခြိမ်းခြောက်ပြောဆိုသည်။ "နစက[၆] အစိုးရကလည်း ဌာနချုပ်တွေကိုတွယ်စမ်းပါ။ ဘာလို့မေတ္တာသုတ် ရွတ်နေတာလဲ။ စစ်ကိုင်းနဲ့ မကွေးမှာ စစ်မီးတောက်သလို ကချင်မှာ KIA ကိုတွယ်" ဟူ၍ KIA နှင့် ကချင်ကို ဦးတည်တိုက်ခိုက်ရန် လူမျိုးဘာသာအခြေခံ၍ လှုံ့ဆော်ပြောကြားလေ့ရှိသည်။ "အသက်အပိုပါရင် ရိက္ခာပို့ကြ၊ ထောက်ပံ့ကြ"၊ "PDF ထောက်ပံ့တဲ့ ရွာတွေကို မြေပေါ်က ပျောက်သွားအောင် လုပ်ရမယ်" စသည့် စကားများဖြင့် တော်လှန်ရေးကို ထောက်ပံ့ကူညီလျက်ရှိသော ဒေသခံပြည်သူများအား တိုက်ရိုက်ခြိမ်းခြောက်သကဲ့သို့ ၎င်းအားလာရောက်တိုက်ခိုက်ရန် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များကို စိန်ခေါ်လေ့ရှိသည်။ စစ်ကိုင်းရှိ ပြည်သူ့ကာကွယ်ရေးတပ်များကို KIA ၏ အသုံးချခံများ၊ ဗုဒ္ဓဘာသာကိုဖျက်ဆီးမည့် အကြမ်းဖက်များအဖြစ် ပုံဖော်ကာ စစ်အုပ်စုနှင့် ပြည်သူ့စစ်(ပျူစောထီး)များကို ဗုဒ္ဓဘာသာကို ကာကွယ်သူများ၊ ဒေသတွင်းငြိမ်းချမ်းရေးကို ကာကွယ်သူများအဖြစ် ဇာတ်ကြောင်းပြောင်းပြန်ဖန်တီးလျက်ရှိသည်။

စစ်ကိုင်းတွင် ဦးဝါသဝအပြင် မဘသဆရာတော်များအဖြစ် လူသိများသော ဦးဝီရရာဇာ၊ ဦးပဏ္ဍိတ စသည့် ဘုန်းကြီးများက ပြည်သူ့စစ်(ပျူစောထီး)များကို ဖွဲ့စည်းနေသည် ***(ဧရာဝတီ, 2022)***။ ဦးအရိယာဝံသ (ပေါက်ကိုယ်တော်)သည် မကွေး၊ ပေါက်မြို့နယ်ရှိ ပြည်သူ့စစ်(ပျူစောထီး)များ ဖွဲ့စည်းရာတွင် ပါဝင်နေပြီး အင်အားတောင့်တင်းရန် ကြိုးပမ်းလျက်ရှိသည်။ စစ်အရာရှိဟောင်းပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီဝင်ဘူးလက်လှဆွေက ဂန့်ဂေါမြို့နယ်ရှိ ရွာများ၌ ပြည်သူ့စစ်များကို ဖွဲ့စည်းခဲ့ရာတွင် ကူညီပံ့ပိုးခဲ့သည်ဟု လူမှုကွန်ယက်စာမျက်နှာတွင် ပြောကြားထားသည်။ ထို့အတူ စစ်အရာရှိဟောင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီဝင်တဦးဖြစ်သူ မင်းကင်းမောင်မြင့်၏ဇာတိ မင်းကင်းဒေသတွင်လည်း ပြည်သူ့စစ်(ပျူစောထီး) အင်အားများပြားသည်။ ထို့အပြင် စစ်တပ်ကျောထောက် နောက်ခံနိုင်ငံရေးပါတီနှင့် ပြည်သူ့စစ်(ပျူစောထီး)များ၏ ဆက်စပ်မှုများကို မြို့နယ်အဆင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီခေါင်းဆောင်အမျိုးသမီးတဦး၏ လူမှုကွန်ယက်စာမျက်နှာတွင် တွေ့မြင်နိုင်သည်။

၆ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ - State Administration Council



Nay Chi
November 7 ·

ဂန့်ဂေါ မြောက်ခြမ်း ၊
ကျနော့်ရွာ က ကျနော့်အားကိုးပြီး ပထမဆုံးပြည်သူ့စစ် စ ဖွဲ့တဲ့ရွာဖြစ်တယ် ၊ အဲ့ဒီ ပါတ်ဝန်းကျင် ၁၂ ရွာပြည်သူ့စစ်ဖွဲ့နိုင်တယ် ၊ ပြောင်းသွားတဲ့ က လေး ဒကစ မှူး နဲ့ကအဆင်ပြေတယ် ၊ ၁၂၀ မမ က အစ ရှိတယ် ၊ အခုအသစ်ပြောင်းလာတဲ့ ဒကစ မှူးနဲ့က အစဉ်မပြေဘူး ၊ ဖုံးတောင်မကိုင်ဘူး ၊ တောင်ခင်ရန်း မြောက်စည်း စခန်း တွေကျသွားတော့ကျနော့်ရွာကိုဝိုင်းချတော့မယ်ဆိုတာကြိုသိလို့ တာဝန်ရှိသူတွေကို ၄ ရက်လောက်ကြိုပြောလည်းအလကားဘဲ ။
ဘယ်သူမှ စစ်ကူမလာလည်းနေ ဇ ရှိရင်တက်ခဲ့ကြ ။
ကိုယ့်အစွမ်းအစနဲ့ကိုယ် ခံချမယ် ။

See Translation

6.9K | 910 | 530

Like | Comment | Share

Most relevant

Write a comment...

Author
Nay Chi
လာမစမ်းနဲ့ မျိုးကန်းသွားမယ်


ဂန့်ဂေါမြို့နယ်ရှိ ရွာများတွင် ပြည်သူ့စစ်(ပျူစောထီး)များဖွဲ့စည်းရန် စစ်အရာရှိဟောင်း ကြံ့ခိုင်ရေးပါတီဝင်က ကူညီခဲ့
(ရင်းမြစ် - ဘူးလက်လှဆွေ၏ လူမှုကွန်ယက်စာမျက်နှာ)



ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီနှင့် ပြည်သူ့စစ်(ပျူစောထီး)များ၏ ဆက်စပ်မှု
(ရင်းမြစ် - မြို့နယ်အဆင့်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီခေါင်းဆောင်အမျိုးသမီးတဦး၏ လူမှုကွန်ယက်စာမျက်နှာ)

# ၅။ အင်အားစုဆောင်းခြင်း

ဆယ်စုနှစ်များစွာတိုက်ပွဲဖြစ်ပွားခြင်းမရှိဘဲ ယခင်က စစ်အုပ်စုအတွက် တပ်သားရင်းမြစ်စုဆောင်းရာ ဗမာလူမျိုးအများစုနေထိုင်ရာဒေသများသည် စစ်အာဏာသိမ်းပြီးနောက် ခုခံတွန်းလှန်မှုများဖြင့် စစ်မြေပြင်အသစ်များဖြစ်လာသည်။ စစ်အုပ်စုအတွက် စစ်မျက်နှာအသစ်များဖြစ်သည့် စစ်ကိုင်း၊ မကွေး၊ မန္တလေး၊ တနင်္သာရီ၊ ပဲခူး စသောဒေသများအပြင် ဧရာဝတီ၊ ရန်ကုန်၊ မွန်နှင့် ရှမ်း(တောင်) စသော ဒေသများတွင်လည်း ပြည်သူ့စစ်(ပျူစောထီး)များ လိုက်လံစုဆောင်းလျက်ရှိသည်။ အထူးသဖြင့် စစ်တပ်ကျောထောက်နောက်ခံပါတီဖြစ်သည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီကိုထောက်ခံအားပေးသော ကျေးရွာအချို့သည် ပြည်သူ့စစ်အင်အားအဓိကစုဆောင်းရာနေရာများဖြစ်လာသည်။ ယင်းကျေးရွာများကို ဒေသခံတော်လှန်ရေးအင်အားစုများက ပျူရွာများဟု သတ်မှတ်ကြသည်။ ပြည်သူ့စစ်(ပျူစောထီး)အဖွဲ့တွင် စစ်မှုထမ်းဟောင်းများ၊ စစ်တပ်ထောက်ခံသူများ၊ စစ်တပ်ထောက်ခံသည့် နိုင်ငံရေးပါတီဝင်များ၊ အမျိုးသားရေးအစွန်းရောက်များက မိမိသဘောဆန္ဒအရ အဓိကပါဝင်ကြသည်။ ထို့အပြင် ရဲဝန်ထမ်းဟောင်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ အစိုးရဝန်ထမ်းများ၊ အရပ်သားများကို ပြည်သူ့စစ်(ပျူစောထီး)သင်တန်း တက်ရောက်စေသည်။ ငွေကြေး၊ ရိက္ခာ၊ မက်လုံးများ၊ လုပ်ပိုင်ခွင့်များဖြင့် စည်းရုံးခြင်းများရှိသည်။ မဲနှိုက်ရွေးချယ်ကာ ပြည်သူ့စစ်(ပျူစောထီး)အဖွဲ့သို့ ဝင်ရောက်စေခြင်းလည်းရှိသည်။ မဝင်ရောက်လိုပါက ငွေကြေးပေးဆောင်ခြင်း၊ လူစားထိုးခြင်းများ လုပ်ဆောင်ရသည်။ အင်အားလိုအပ်ချက်ကြောင့် မဖြစ်မနေဝင်ရောက်ရန် ဖိအားပေးခြင်းလည်းရှိသည်။ တအိမ်ထောင်၊ တရွာလျှင် သတ်မှတ်ထားသော လူဦးရေပါဝင်ရန် အတင်းအကြပ်ဖိအားပေးစည်းရုံးသည်။ မိသားစုတွင် အမျိုးသားမရှိပါက အမျိုးသမီးများ စစ်သင်တန်းတက်ရန် ဖိအားပေးသည်။ မတက်ရောက်ပါက ရွာကိုမီးရှို့မည်၊ ပိုင်ဆိုင်မှုများကို သိမ်းယူမည် စသည်ဖြင့် ခြိမ်းခြောက်သည် ***(CJ Platform, 2022)***။ ပြည်သူ့စစ် (ပျူစောထီး) များအတွက် လစဉ်ကြေးပေးရန် တောင်းခံသည်။





*သတင်းမီဒီယာများမှ ကောက်ယူရရှိသည့် စစ်အာဏာသိမ်းနောက်ပိုင်း ပြည်သူ့စစ်(ပျူစောထီး) အင်အားစုဆောင်းရာ မြို့နယ်များ (မှတ်ချက် - သတင်းမီဒီယာများမှ ကောက်ယူစုဆောင်းထားခြင်း ဖြစ်သဖြင့် မြေပြင်အခြေအနေနှင့် ကွာဟချက်များရှိနိုင်ပါသည်)*

# ၆။ လုပ်ဆောင်ချက်များ

စစ်တပ်၏ ကျောထောက်နောက်ခံဖြင့် ဖွဲ့စည်းထားသော လက်နက်ကိုင်အဖွဲ့များသည် တော်လှန်ရေးတွင်ပါဝင်သူများ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီဝင်များ၊ လုပ်ငန်းခွင် စွန့်ခွာသော ဝန်ထမ်းများနှင့် ပတ်သက်သော သတင်းအချက်အလက် ထောက်လှမ်း ပေးပို့ခြင်း၊ မြို့ရွာအလိုက် ကင်းစောင့်ခြင်း၊ ကင်းလှည့်ခြင်း၊ လုံခြုံရေးစစ်ဆေးခြင်းများ လုပ်ဆောင်သည်။ ပြည်သူ့စစ်(ပျူစောထီး)အားကောင်းသော ကျေးရွာများတွင် ဒေသခံ ပြည်သူ့စစ်(ပျူစောထီး)များသည် စစ်ကောင်စီတပ်သားများနှင့်အတူ အထိုင်စခန်းများ ဖြင့် ပူးပေါင်းတပ်စွဲထားလေ့ရှိသည်။ ထို့အပြင် တိုက်ခိုက်သတ်ဖြတ်မှုများကိုလည်း လုပ်ဆောင်ခဲ့ပြီး အဓိကအားဖြင့် ပုံစံ (၂) မျိုးကို တွေ့ရသည်။

ပထမပုံစံမှာ တော်လှန်ရေးတွင် ပါဝင်သူများကိုသာမက သက်ဆိုင်ရာမိသားစုဝင်များ ကို ခြိမ်းခြောက်ခြင်းနှင့် ဖမ်းဆီးသတ်ဖြတ်ကာ အလောင်းစွန့်ပစ်ခြင်း ဖြစ်ပြီး တိုက်ပွဲ ဖြစ်ပွားခြင်းမရှိသည့် မြို့ပြများတွင် အများဆုံးတွေ့ရသည်။ ၂၀၂၁ ခုနှစ်၊ မတ်လတွင် ပျူစောထီးအဖွဲ့ကို တည်ထောင်ပြီးနောက် ခြိမ်းခြောက်စာများ ထုတ်ပြန်ကာ အများ ပြည်သူနှင့် ဆိုင်သော နေရာများတွင် ချိတ်ဆွဲထားခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ကြဲ ခြင်းများကို ယင်းအဖွဲ့က လုပ်ဆောင်ခဲ့သည်။ ထို့အပြင် လုပ်ကြံသတ်ဖြတ်မှုများကို လည်း ကျူးလွန်လာခဲ့သည်။ ပျူစောထီးအဖွဲ့က မြင်းခြံရှိ အမျိုးသားဒီမိုကရေစီအဖွဲ့ ချုပ်ပါတီဝင် ၃၈ ဦးကို စာထုတ်ခြိမ်းခြောက်ပြီး မကြာမီ ၂၀၂၁ ခုနှစ်၊ ဇူလိုင်လတွင် မြင်း ခြံမှ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီဝင် ၂ ဦး သတ်ဖြတ်ခံခဲ့ရသည် ***(Myanmar Now, 2021b)***။





*၂၀၂၁ ခုနှစ်၊ ဇွန်လနှင့် ဇူလိုင်လအတွင်း ပျူစောထီးအဖွဲ့၏ ခြိမ်းခြောက်မှုများ (ခြိမ်းခြောက်ခံရမှုများမှာ ယခုထက်ပို၍ များနိုင်ပါသည်)*

၂၀၂၂ ခုနှစ်၊ ဧပြီလ ၂၁ ရက်တွင် သွေးသောက်အဖွဲ့(MDY)၏ အနီရောင်စစ်ဆင်ရေး ကြေညာချက်ကို ထုတ်ပြန်ခဲ့သည်။ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ဝင်များကိုသာမက ထောက်ပံ့သူများ၊ လှုံ့ဆော်သူများ၊ မီဒီယာများ၊ သက်ဆိုင်ရာ မိသားစုဝင်များကိုပါ တုံ့ပြန်တိုက်ခိုက်မည်ဟု ဧပြီလ ၂၅ ရက်တွင် ထပ်မံကြေညာခဲ့သည်။ သွေးသောက်အဖွဲ့(MDY)အပြင် ရန်ကုန်တွင် Yangon Castigate Group(YCS)၊ တနင်္သာရီတွင် စွန်ရဲ၊ နေပြည်တော်တွင် သွေးသစ္စာ၊ ပြည်တွင် မျိုးချစ်ညွန့်ပေါင်း စသော အဖွဲ့များလည်း ပေါ်ပေါက်လာခဲ့သည်။ ပျူစောထီးအဖွဲ့နည်းတူ အဆိုပါအဖွဲ့များတွင်လည်း စစ်မှုထမ်းဟောင်းများ၊ စစ်တပ်ထောက်ခံသူများ၊ အမျိုးသားရေးအစွန်းရောက်များ၊ စစ်တပ်ကျောထောက်နောက်ခံနိုင်ငံရေးပါတီဝင်များ ပါဝင်ကြသည်။ သွေးသောက်၊ YCS၊ စွန်ရဲ၊ သွေးသစ္စာ၊ မျိုးချစ်ညွန့်ပေါင်း စသောအဖွဲ့များသည် မြို့ပြများတွင် လုပ်ကြံသတ်ဖြတ်မှုများကို ဦးတည်လုပ်ဆောင်ကြသည်။ သီးခြားအမည်များဖြင့် သတ်ဖြတ်တိုက်ခိုက်မှုများကို အကောင်အထည်ဖော်ခဲ့သော်လည်း လူထုအကြားတွင် "ပျူစောထီး" ဟူသော အသုံးအနှုန်းမှာ ပိုမိုပျံ့နှံ့ခဲ့သည်။ ၂၀၂၁ ခုနှစ်မှ ၂၀၂၃ ခုနှစ်၊ ဇွန်လအထိ နိုင်ငံတဝန်းတွင် ပျူစောထီးများအပါအဝင် အဆိုပါအဖွဲ့များမှ လုပ်ကြံသတ်ဖြတ်ခဲ့သော အရပ်သား အရေအတွက်မှာ အနည်းဆုံး (၁၆၂)[၇]ဦး ရှိသည်။ သတ်ဖြတ်ခံရသော အလောင်းများ

၇ စစ်အုပ်စုနှင့် ပျူစောထီးများ စစ်ကြောင်းထိုးစဉ်နှင့် ကျေးရွာများတွင် တပ်စွဲစဉ် ဖမ်းဆီးသတ်ဖြတ်ထားသော အရပ်သားအရေအတွက်ကို ထည့်သွင်းရေတွက်ထားခြင်းမရှိပါ။

တွင် သွေးသောက်၊ စွန်ရဲ စသော အမှတ်တံဆိပ်များ ချိတ်ဆွဲခံရခြင်းများလည်းရှိသည်။

၂၀၂၂ ခုနှစ်၊ ဧပြီလ ၂၈ ရက်တွင် လက်နက်ကိုင်တော်လှန်ရေးလုပ်ဆောင်နေသော သရုပ်ဆောင်ဟိန်းထက်၏ အဘိုးကို ရန်ကုန်၊ မင်္ဂလာဒုံမြို့နယ်ရှိ နေအိမ်တွင် သွေးသောက်အဖွဲ့က လုပ်ကြံသတ်ဖြတ်သွားခဲ့သည် ***(MPA, 2022)***။ ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၁၁ ရက်တွင် သွေးသောက်အဖွဲ့ အမှတ်တံဆိပ်ပါ လည်ဆွဲကတ်ပြား များနှင့်အတူ လည်ပင်းလှီးဖြတ်ဒဏ်ရာများဖြင့် သေဆုံးနေသည့် အမျိုးသားရုပ်အလောင်း ၃ လောင်းကို မန္တလေး၊ အမရပူရမြို့နယ်၊ မန္တလေး-စစ်ကိုင်းကားလမ်း၊ တံတားဖြူ ရေထိန်းတံတားအနီး၌ တွေ့ခဲ့ရသည် ***(Mizzima, 2022)***။ အမျိုးသားရေး အစွန်းရောက် လီလီနိုင်ကျော်ကို ပစ်ခတ်သတ်ဖြတ်သူအဖြစ် စစ်ကောင်စီ၏ စွပ်စွဲ ဖမ်းဆီးခံခဲ့ရသော ကိုကောင်းဇာနည်ဟိန်း၏ မိခင်နှင့် အမတို့ကို ပျူစောထီးများက ၂၀၂၃ ခုနှစ်၊ ဇွန်လ ၆ ရက်တွင် ရန်ကုန်၊ ထန်းတပင်မြို့နယ်၊ ရိုးကြီးကျေးရွာရှိ နေအိမ်၌ နှိပ်စက်သတ်ဖြတ်ခဲ့သည် ***(Khit Thit Media, 2023)***။




*စစ်အုပ်စု ကျောထောက်နောက်ခံ လက်နက်ကိုင်အစုအဖွဲ့များမှ သတ်ဖြတ်ခဲ့သော အရပ်သားအရေအတွက်*

*မှတ်ချက်*

*မြေပြင်တွင်သတ်ဖြတ်ခံရမှုများမှာ ယခုထက်ပိုနိုင်ပြီး စစ်အုပ်စုနှင့် ပျူစောထီးများ စစ်ကြောင်းထိုးစဉ်နှင့် ကျေးရွာများတွင် တပ်စွဲစဉ် ဖမ်းဆီးသတ်ဖြတ်ထားသော အရပ်သားအရေအတွက်ကို ထည့်သွင်းရေတွက်ထားခြင်းမရှိပါ။*

ဒုတိယတမျိုးမှာ နယ်မြေခံပြည်သူ့စစ်(ပျူစောထီး)များက စစ်ကောင်စီတပ်နှင့်အတူ တော်လှန်ရေးအင်အားစုများကို တိုက်ခိုက်ခြင်း၊ ကျေးရွာများသို့ စစ်ကြောင်းထိုးကာ နေအိမ်နှင့်ပိုင်ဆိုင်မှုများကို မီးရှို့ဖျက်ဆီးခြင်း၊ သိမ်းဆည်းယူဆောင်ခြင်း၊ အရပ်သား များကို ဖမ်းဆီးခြင်း၊ လူသားဒိုင်းအဖြစ် အသုံးပြုခြင်း၊ နှိပ်စက်သတ်ဖြတ်ခြင်း ဖြစ်သည်။ ထိုပုံစံကို ၂၀၂၁ ခုနှစ်၊ စစ်အာဏာသိမ်းပြီးနောက် စစ်မြေပြင်အသစ်ဖြစ်လာသည့် ဒေသ များ အထူးသဖြင့် အညာဒေသတွင် အများဆုံးတွေ့ရသည်။

၂၀၂၁ ခုနှစ်၊ ဇူလိုင်လ ၂၈ ရက်တွင် စစ်ကိုင်း၊ မင်းကင်းမြို့နယ်၊ ပန်းဆက်ရွာကို ပြည် သူ့ကာကွယ်ရေးတပ်များက ပူးပေါင်းတိုက်ခိုက်ရာတွင် ပန်းဆက်ရွာခံ ပြည်သူ့စစ်(ပျူ စောထီး)များက စစ်ကောင်စီထောက်ပံ့ထားသော မောင်းပြန်ရိုင်ဖယ်အလက် ၂၀ ခန့် အပြင် RPG များဖြင့် ခုခံတိုက်ခိုက်ခဲ့သည်။ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး ပါတီ၏ မင်းကင်းလွှတ်တော်ကိုယ်စားလှယ်၊ စစ်အရာရှိဟောင်း မောင်မြင့်က စစ်ကူ တောင်းခံပေးသဖြင့် မင်းကင်းမှ စစ်ကောင်စီတပ်နဲ့ ပြည်သူ့စစ်(ပျူစောထီး)များက ကူညီရန် လာရောက်သောကြောင့် ပြည်သူ့ကာကွယ်ရေးတပ်များ ဆုတ်ခွာခဲ့ရသည်။ ထိုသို့ဆုတ်ခွာစဉ် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့တခုကို တောင်ဖြူရွာမှ ပြည်သူ့စစ်(ပျူ စောထီး)များက ရွာအတွင်းသို့ လိမ်လည်ခေါ်ဆောင်ခဲ့ပြီး တပ်ဖွဲ့ဝင် ၅၀ ကျော်ကို ဖမ်းဆီးခဲ့သည်။ ဖမ်းဆီးခံရသူများအနက် ၄ ဦးကို စစ်ကောင်စီတပ်များနှင့် ပြည်သူ့စစ် (ပျူစောထီး) များက နှိပ်စက်သတ်ဖြတ်ခဲ့သည် ***(BBC News မြန်မာ, 2021a; ဧရာဝတီ, 2021)***။

၂၀၂၂ ခုနှစ်၊ မတ်လ ၅ ရက်တွင် စစ်ကောင်စီတပ်မ ၈၈ နှင့် ပျူစောထီးအဖွဲ့ အင်အား ၇၀ ခန့်သည် မကွေး၊ ပေါက်မြို့နယ်၊ အင်းငယ်ဒေါင့်ကျေးရွာကို စစ်ကြောင်းထိုးဝင် ရောက်ခဲ့သည်။ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ဝင် ၅ ဦးကို လက်ပြန်ကြိုးတုပ်ကာ မီးရှို့ သတ်ဖြတ်ခဲ့သည့်အပြင် အသက် ၃ နှစ်အရွယ်ကလေးနှင့် ၎င်း၏ မိခင်ကိုလည်း သတ်ဖြတ်ခဲ့သည်။ နေအိမ် ၂၄ လုံးကို မီးရှို့ဖျက်ဆီးကာ ဒေသခံများ၏ ပစ္စည်းများကို သယ်ဆောင်သွားခဲ့သည်။ ကလေးနှင့် သက်ကြီးရွယ်အိုများအပါအဝင် ဒေသခံ ၂၉ ဦး ကို ပြည်သူ့စစ်(ပျူစောထီး)အားကောင်းသော ဝန်ချုံးနှင့် ပင်တောင်ရွာသို့ ဖမ်းဆီးခေါ် ဆောင်သွားခဲ့သည် ***(BBC News မြန်မာ, 2022)***။

၂၀၂၂ ခုနှစ်၊ ဧပြီလ ၁၆ ရက်တွင် ရှမ်းတောင်ပိုင်း၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရွာ ငံမြို့နယ်၊ ပဲရင်းတောင်ရွာမှ ရွာသား ၉ ဦးကို PDF ဟု စွပ်စွဲကာ စစ်ကောင်စီတပ်နှင့်

ပြည်သူ့စစ်(ပျူစောထီး)များက ဖမ်းဆီးသတ်ဖြတ်ခဲ့သည်။ စင်စစ်အားဖြင့် စွပ်စွဲသတ်ဖြတ်ခံရသူများသည် PDF နှင့် သက်ဆိုင်သူများမဟုတ်ဟု ယင်းတို့၏ ဆွေမျိုးများနှင့် ရွာငံ PDF ပူးပေါင်းအဖွဲ့ဝင်တို့မှ ပြောဆိုကြသည်။ ဇော်မင်းထွန်း(စစ်ကောင်စီ၏ပြောရေးဆိုခွင့်ရှိသူ)က အဆိုပါဖြစ်စဉ်ကို သိရှိခြင်းမရှိဟု မီဒီယာသို့ ပြောဆိုခဲ့သည် ***(RFA, 2022b)***။

ပြည်သူ့စစ်(ပျူစောထီး) ၈၀ ကျော်နှင့် စစ်ကောင်စီတပ်သား ၁၀ ဦးကျော်တို့သည် ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာ ၂၀ ရက်တွင် စစ်ကိုင်း၊ ကန့်ဘလူမြို့နယ်၊ ရီးထွေးရွာသို့ ဝင်ရောက်ကာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ထောက်ခံတဲ့သူများ၏ နေအိမ် ၂၀၀ နီးပါးကို မီးရှို့ဖျက်ဆီးခဲ့ပြီး ဒေသခံများ၏ စပါးခင်းများကို ရိတ်သိမ်းယူဆောင်ခဲ့သည် ***(သူရမောင်, 2021)***။ ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၄ ရက်တွင် စစ်ကောင်စီတပ်သားများနှင့် ပြည်သူ့စစ်(ပျူစောထီးများ)က စစ်ကိုင်း၊ ပုလဲမြို့နယ်၊ ကိုင်းတွင်းရွာကို မီးရှို့ခဲ့ပြီး နီးစပ်ရာရွာများမှ မျှဝေလှူဒါန်းထားသည့် စားနပ်ရိက္ခာများနှင့် ကိုင်းတွင်းရွာသားများ၏ ပိုင်ဆိုင်မှုများကိုလည်း ဖေဖော်ဝါရီ ၂၀ ရက်တွင် ထပ်မံလုယက်ခဲ့သည် ***(ဝသုန်ငြိမ်းအေး, 2022)***။ ၂၀၂၂ ခုနှစ်၊ အောက်တိုဘာ ၁၉ ရက်တွင် မကွေး၊ မြိုင်မြို့နယ်၊ ကန်နီရွာမှ ပြည်သူ့စစ်(ပျူစောထီး) ၅၀ ခန့်က ဒေသခံတောင်သူများ မြေပဲခင်းများကို တူးဖော်မရစေရန် သေနတ်ဖြင့် လိုက်လံပစ်ခတ်ခဲ့သည် ***(မြေလတ်အသံ, 2022)***။

# ၇။ ပြည်သူ့စစ်(ပျူစောထီး)များ၏ ရပ်တည်မှု အခြေအနေ

စစ်အုပ်စုက ပြည်သူ့စစ်(ပျူစောထီး)အင်အားကောင်းသော ဒေသများကို ထောက်ပံ့မှုများ ပိုမိုပြုလုပ်သည်ကို တွေ့ရသည်။ ၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ၂၈ ရက်တွင် ပျူစောထီး အင်အားများပြားသည့် ကန့်ဘလူ၊ တန့်ဆည်၊ ကျွန်းလှ အစရှိသည့် မြို့နယ်များကို အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးက ထောက်ပံ့ငွေ သိန်းသုံးထောင်ပေးအပ်ခဲ့သည် ***(အောင်နိုင်သူ, 2022)***။ ၂၀၂၂ ခုနှစ်၊ ဩဂုတ်လတွင် စစ်ကိုင်း၊ ကလေးမြို့နယ်ရှိ ပျူစောထီးအဖွဲ့ကို  စစ်အုပ်စုက ဆိုင်ကယ်အစီး ၁၂၀ ထောက်ပံ့ခဲ့သည် ***(DVB, 2022b)***။ ၂၀၂၂ ခုနှစ်၊ အောက်တိုဘာ ၂၀ ရက်တွင် ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေနှင့် ဘုန်းတော်ကြီးကျောင်းများကို လှူဒါန်းရန် သတ်မှတ်ထားသော အစိုးရငွေများကို သုံးစွဲကာ စစ်ကောင်စီက ကန့်ဘလူနှင့် တန့်ဆည်မြို့နယ်ရှိ ပြည်သူ့စစ်(ပျူစောထီး)များကို ရိက္ခာထောက်ပံ့ခဲ့သည် ***(သူရမောင် & စထွန်းအောင်, 2022)***။ ၂၀၂၃ ခုနှစ်၊ အောက်တိုဘာ ၅ ရက်တွင် မြတ်ကျော်(စစ်ကောင်စီခန့် စစ်ကိုင်းဝန်ကြီးချုပ်)နှင့် သန်းထိုက် (အနောက်မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး)တို့က ကန့်ဘလူမှ ပြည်သူ့စစ်(ပျူစောထီး)များကို ကျပ်သိန်း ၅၀၀ ကျော် ထောက်ပံ့ခဲ့သည် ***(သူရမောင်, 2023b)***။

စစ်အုပ်စုက ပြည်သူ့စစ်(ပျူစောထီး)များကို လုပ်ပိုင်ခွင့်များ ပေးထားသည်။ လုံခြုံရေးစစ်ဆေးစဉ် အရပ်သားများထံမှ ငွေညှစ်ခြင်း၊ အရပ်သားများကို ဖမ်းဆီးကာ ငွေကြေးဖြင့် ပြန်လည်ရွေးစေခြင်း၊ လောင်းကစားဝိုင်းများမှ ငွေကြေးကောက်ခံခြင်း၊ မူးယစ်ဆေးဝါးဖြန့်ဖြူးခြင်းများကို လုပ်ဆောင်ကြသည်။ ပြည်သူ့စစ်(ပျူစောထီး)များအတွက် အရပ်သားများထံမှ လစဉ်ကြေးကောက်ခံသည်။ ပြည်သူ့စစ်(ပျူစောထီး)သင်တန်းမတက်ရောက်လိုပါက ငွေကြေးပေးဆောင်စေသည်။

ပြည်သူ့စစ်(ပျူစောထီး)များအား လက်နက်ပေးအပ်ပွဲအခမ်းအနား၊ ရိက္ခာထောက်ပံ့ပွဲအခမ်းအနားများကိုလည်း စစ်အုပ်စုက ကျင်းပခဲ့သည် ***(Tachileik News Agency, 2022b)***။ လက်နက်ထောက်ပံ့ရာတွင် လက်လုပ်သေနတ်၊ တူမီး၊ တထောင့်ထိုးသေနတ်၊

G3၊ ကာဘိုင်သေနတ် စသည့် စစ်အုပ်စုမှ အသုံးပြုခြင်းမရှိသော သေနတ်အမျိုးအစား များကိုသာ အများဆုံးတွေ့ရသည် ***(DVB, 2021; Mizzima, 2022a; သူရမောင်, 2023a)***။

# ၈။ တော်လှန်ရေးအင်အားစုများ၏ တုံ့ပြန်မှုများ

တော်လှန်ရေးအင်အားစုများက စစ်အုပ်စု ကျောထောက်နောက်ခံပေးထားသော လက်နက်ကိုင်အဖွဲ့ဝင်များကို လက်နက်ချ၍ ပြည်သူနှင့် ပူးပေါင်းရန် ဖိတ်ခေါ်ခြင်း၊ စစ်အုပ်စုထောက်တိုင်များအဖြစ် လုပ်ဆောင်ခြင်းမပြုရန် သတိပေးခြင်း၊ လုပ်ကြံသတ်ဖြတ်ခြင်းများ လုပ်ဆောင်သည်။ ပျူစောထီး အဖွဲ့ဝင်များ အပါအဝင် စစ်ကောင်စီ ဒေါက်တိုင် လက်နက်ကိုင်များအနေနှင့် စစ်ကောင်စီတပ်ကို အမြန်ဆုံး စွန့်ခွာကာ ပြည်သူ့ကာကွယ်ရေးတပ် (PDF) များနှင့် ပူးပေါင်းကြရန် ၂၀၂၂ ခုနှစ်၊ ဧပြီလ ၂၇ ရက်တွင် အမျိုးသားညီညွတ်ရေးအစိုးရ ကာကွယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်သတိပေးခဲ့သည် ***(ဧရာဝတီ, 2022a)***။ ပျူစောထီးများက ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များထံသို့ ပူးပေါင်းလာခြင်းများလည်းရှိသည်။ မကွေး၊ ထီးလင်းမြို့နယ်၊ ဇီးတောရွာနှင့် ထိန်တိုင်းရွာတို့မှ ပျူစောထီးအဖွဲ့ဝင် ၃၀ ဦးခန့်သည် လက်လုပ်တူမီးသေနတ် ၂၅ လက်နှင့်အတူ YDF (ထီးလင်း) အဖွဲ့ထံ ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလတွင် ပူးပေါင်းခဲ့သည် ***(Myanmar Now, 2021c)***။ ပေါက်မြို့နယ်၊ ဇီးပြားရွာမှ ပြည်သူ့စစ် (ပျူစောထီး)သင်တန်းဆင်း ၂၇ ဦးသည် ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလတွင် မြိုင်မြို့နယ်၊ ပြည်သူ့ကာကွယ်ရေးတပ်ထံသို့ ထွက်ပြေးခိုလှုံလာခဲ့သည် ***(မောင်ရွှေဝါ, 2022)***။

ပြည်သူ့ကာကွယ်ရေးတပ် ၅ မြို့နယ် တပ်ပေါင်းစုက ပျူစောထီးအများစုကြီးစိုးသော အရာတော်မြို့နယ် သလဲဘာ၊ ငွေတွင်း၊ စပါးတွင်း၊ ဆိတ်ဖူးကြီး၊ ဆင်တလဲကျေးရွာများကို ယာဉ်လိုင်းများနှင့် ကားပိုင်ရှင်များ အနေဖြင့် ကုန်စည်တင်ပို့ခြင်း မပြုရန် ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလတွင် တားမြစ်ခဲ့သည် ***(BAP, 2022)***။ ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလတွင် ရွှေဘိုမြို့နယ်ရှိ စစ်ကောင်စီတပ်နှင့် ပျူစောထီးများသာ နေထိုင်သော ကော့ကျေးရွာကို ဈေးရောင်းချခဲ့သည့် ဈေးသည်များအား Burma Rangers (ShweBo) က ကြိမ်ဒဏ်ပေးပြီး ထပ်မံ၍ဈေးမရောင်းရန် သတိပေးခဲ့သည် ***(DNA, 2022)***။ ပျူစောထီးများ၏ နေအိမ်များကို ပြည်သူပိုင်သိမ်းကြောင်း အရာတော်တော်လှန်ရေးအင်အားစုက ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလတွင် ကြေညာခဲ့သည် ***(BVJ, 2021)***။

ပြည်သူများအနေဖြင့်ပျူစောထီးများ ကြီးစိုးသော ကျေးရွာများမှ စွန့်ခွာရန် တော်လှန်ရေးအင်အားစုများက သတိပေးတိုက်တွန်းလျက်ရှိသည်။ ပျူစောထီးများ စိုးမိုးထားသည့် မကွေး၊ ဂန့်ဂေါမြို့နယ်၊ မြောက်ခင်ရန်းကျေးရွာကို တော်လှန်ရေးအဖွဲ့များက ပူးပေါင်းတိုက်ခိုက်ခဲ့ပြီး ဒေသခံရွာသား ၄၀၀ ကျော်ကို ဘေးလွတ်ရာသို့ ကယ်ထုတ်ပေးနိုင်ခဲ့ကြောင်း ဂန့်ဂေါ ပြည်သူ့ကာကွယ်ရေးအဖွဲ့က ၂၀၂၂ ခုနှစ်၊ မတ်လတွင် သတင်းထုတ်ပြန်သည် ***(ဧရာဝတီ, 2022a)***။ ပျူစောထီးအဖွဲ့သို့ဝင်ရောက်ရန် အတင်းအကြပ်ဖိအားပေးမှုများကြောင့် ဒေသခံများ ကျေးရွာများမှ ထွက်ပြေးကြသည့် ဖြစ်စဉ်များရှိပြီး စစ်အုပ်စုက အသွားအလာများကို ထိန်းချုပ်ကန့်သတ်လျက်ရှိသည် ***(MFP, 2023)***။ ရွာများကို စွန့်ခွာလာသူများသည် ရိက္ခာ၊ ရေနှင့် ဆေးဝါးအခက်အခဲများကို ရင်ဆိုင်ကြရသည်။ နေရပ်ကို စွန့်ခွာလိုသော်လည်း ခြိမ်းခြောက်မှုများ၊ ဖိနှိပ်မှုများကြောင့် မစွန့်ခွာနိုင်သူများလည်း အများအပြားရှိသည်။ ရွာမှ ထွက်ခွာပါက ပိုင်ဆိုင်မှုများ သိမ်းဆည်းခံကြရသည်။ စစ်သင်တန်းမတက်လို၍ ရွာမှ တိမ်းရှောင်သွားသူများတွင် မိသားစုဝင်များကျန်ရှိပါက မိသားစုဝင်များထံမှ ငွေကြေးတောင်းခံခြင်းများရှိသည်။ ပြည်သူ့စစ်(ပျူစောထီး)အဖွဲ့သို့ဝင်ရောက်ရန် အတင်းအကြပ်ဖိအားပေးမှုများကြောင့် စစ်ကိုင်း၊ ပုလဲမြို့နယ်၊ ဇီးဖြူကုန်းကျေးရွာမှ တိမ်းရှောင်နေသော လူဦးရေသည် ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီအထိ အယောက် ၄၀၀ ကျော်ရှိသည် ***(မြေလတ်အသံ, 2023)***။ မကွေး၊ မြိုင်မြို့နယ်တွင် ပျူစောထီးများကြီးစိုးသော ရွာများမှ စွန့်ခွာလာသူအရေအတွက်မှာ ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလအထိ အယောက် ၃၀၀ နှင့် အထက်ရှိခဲ့သည် ***(Ayeyarwaddy Times, 2023)***။ နေအိမ်၊ လယ်ယာမြေ၊ ပိုင်ဆိုင်မှုများကို စွန့်ခွာလာခဲ့ကြသော ဒေသခံများကို တော်လှန်ရေးအင်အားစုများက ငွေကြေးထောက်ပံ့ကြသော်လည်း ပံ့ပိုးနိုင်စွမ်းမှာ အကန့်အသတ်ဖြစ်နေသည်။

# ၉။ ဝိရောဓိများ

ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များ၏ အမည်များကို အသုံးချခဲ့သော ဖြစ်စဉ်များရှိသည်။ ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလတွင် စစ်ကိုင်း၊ တန့်ဆည်မြို့နယ်၊ ကဘဲကျေးရွာတွင် ပျူစောထီးအဖွဲ့သည် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့အမည်ခံကာ ဒေသခံပြည်သူများကို ဓားပြတိုက်ခဲ့သည် ***(The 74 Media, 2021)***။ ပျူစောထီးအဖွဲ့သည် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များအယောင်ဆောင်ကာ ဖယ်ခုံမြို့ ရပ်ကွက်များအတွင်း လက်နက်၊ ဗုံးများဖြင့် ပစ်ခတ်ခြောက်လှန့်ခဲ့သည်ဟု ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့(ဖယ်ခုံ)က ၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၂၆ ရက်နေ့တွင် သတင်းထုတ်ပြန်ခဲ့သည် ***(သျှမ်းသံတော်ဆင့်, 2021)***။ တနင်္သာရီ၊ သရက်ချောင်းမြို့နယ်အတွင်းရှိ ကျေးရွာတချို့တွင် ၂၀၂၂ ခုနှစ်၊ ဩဂုတ်လအတွင်း ဓားပြတိုက်ခံရမှု ၁၀ ကြိမ် ထက် မနည်းဖြစ်ပွားခဲ့ပြီး အများစုမှာ ပြည်သူ့ကာ ကွယ်ရေးအဖွဲ့အမည်ကို အသုံးချပြုလုပ်ခဲ့သည် ***(Mizzima, 2022b)***။ ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာ ၄ ရက်တွင် မကွေး၊ ပွင့်ဖြူမြို့နယ်တွင် NLD ပါတီဝင် တဦးကို ပျူစောထီးများက ဖမ်းဆီးသတ်ဖြတ်ခဲ့ပြီး စစ်တပ်ဝါဒဖြန့်တယ်လီဂရမ်ချန်နယ်တွင် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့က သတ်ဖြတ်သည်ဟု သတင်းလွှင့်ခဲ့သည် ***(Than Lwin Times, 2022)***။ ၂၀၂၃ ခုနှစ်တွင် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့အမည်ကိုအသုံးချကာ ဒေသခံပြည်သူများကို ဓားပြတိုက်သော ဖြစ်ရပ်များ ကလေးမြို့တွင် ပိုမိုဖြစ်ပွားလာခဲ့သည် ***(Ayeyarwaddy Times, 2023b)***။

တော်လှန်ရေးအင်အားစုများက ပြည်သူ့စစ်(ပျူစောထီး)များကို တိုက်ခိုက်ရာတွင် မှားယွင်းသတ်ဖြတ်သော ဖြစ်စဉ်များ၊ အငြင်းပွားဖွယ်ဖြစ်စဉ်များ ရှိခဲ့သည်။ ၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၂၁ ရက်တွင် မကွေး၊ ဆောမြို့ ဒေသခံ ၆ ဦးကို သတ်ဖြတ်ခဲ့သော ယောကာကွယ်ရေးတပ် (YDF) ကို ရှုတ်ချပြီး တာဝန်ယူဖြေရှင်းရန် ယောဒေသကာကွယ်ရေးအဖွဲ့များက ပြောဆိုခဲ့သည် ***(RFA, 2022c)***။ ဦးပေါက်ကျော်သည် ပျူစောထီးဖြစ်သဖြင့် မကွေး၊ ပေါက်မြို့နယ်၌ ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၁၂ ရက်တွင် သတ်ဖြတ်ခဲ့သည်ဟု ပေါက်တောင်ပိုင်းပြောက်ကျားတပ်ဖြစ်သည့် SPGF က ပြောဆိုခဲ့သည်။ သို့သော် ထိုသူသည် ပျူစောထီးမဟုတ်ဘဲ ၎င်း၏သမီးနှင့် တူသည် တော်လှန်ရေးအတွက် ဂျပန်

နိုင်ငံမှ ထောက်ပို့လုပ်နေကြသူများဖြစ်ကြောင်း ဂျပန်နိုင်ငံရောက်တော်လှန်ရေးအဖွဲ့များကပြောဆိုကြသည် ***(BVJ, 2023)***။

လုပ်ဆောင်သူကို မသိရသော သတ်ဖြတ်မှုများ၊ ခိုးပြတိုက်မှုများလည်း ပေါ်ပေါက်လာခဲ့သည်။ ပုလောမြို့နယ်၊ ညောင်ရှင်ကုန်းကျေးရွာတွင် အသက် ၂ နှစ်အရွယ် ကလေးငယ်တဦးအပါအဝင် စစ်ကောင်စီခန့်ကျေးရွာအုပ်ချုပ်ရေးမှူး၏ မိသားစုဝင် ၇ ဦး သေနတ်ဖြင့် ပစ်သတ်ခံခဲ့ရသည်။ သို့သော်မည်သည့်အဖွဲ့အစည်းက လုပ်ဆောင်သည်ကို မသိရပေ ***(Dawei Watch, 2023)***။ ၂၀၂၂ ခုနှစ်၊ ဇွန်လ ၂၅ ရက်တွင် ရန်ကုန်၊ ခရမ်းမြို့နယ်၊ အိုးဝကျေးရွာမှ နေအိမ်တအိမ်ကို အမည်မသိ လက်နက်ကိုင်တစုက ဝင်ရောက်ခိုးပြတိုက်ကာ ကျပ်သိန်း ၇၀ နဲ့ ရွှေ ၆ ကျပ်သားယူဆောင်သွားခဲ့သည် ***(DNA, 2022a)***။

# ၁၀။ နိဂုံး

အမျိုးသားရေးအစွန်းရောက်များသည် ယခင်က စစ်တပ်ထောက်ခံပွဲများ၊ အစွန်းရောက် အမျိုးသားရေးကို အခြေခံသော ဆန္ဒပြပွဲများကို စစ်အုပ်စု၏ ပံ့ပိုးမှုဖြင့် ဦးဆောင်ကျင်းပကြသည်။ လူမျိုးရေး/ဘာသာရေးပဋိပက္ခများဖြစ်ပေါ်စေရန် လှုံ့ဆော်သကဲ့သို့ အဓိကရုဏ်းများတွင် အထူးသဖြင့် အစ္စလာမ်ဘာသာဝင်များကို အကြမ်းဖက်တိုက်ခိုက်မှုများလုပ်ဆောင်ခဲ့သည်။ ထို့အပြင် ၂၀၂၀ ရွေးကောက်ပွဲနောက်ပိုင်းနှင့် စစ်အာဏာသိမ်းပြီးနောက် အစောပိုင်းကာလများတွင်လည်း ငြိမ်းချမ်းစွာဆန္ဒဖော်ထုတ်သူများနှင့် သတင်းထောက်များကို တုတ်၊ ဓား လက်နက်များဖြင့် တိုက်ခိုက်ခဲ့သည်။ ဤသည်ကို ကြည့်ခြင်းအားဖြင့် အမျိုးသားရေးအစွန်းရောက်များသည် လူမျိုးရေးဘာသာရေး အခြေပြု အတွေးအခေါ်များကို ကိုင်ဆွဲထားရုံသာမက လက်တွေ့အကြမ်းဖက်မှုများကိုလည်း ယခင်ကတည်းကပင် လုပ်ဆောင်ခဲ့သည်ကို တွေ့မြင်နိုင်သည်။ ၂၀၂၁ ခုနှစ်၊ စစ်အာဏာသိမ်းပြီးနောက် စစ်အုပ်စုသည် တော်လှန်ရေးအင်အားစုများကို ဖိနှိပ်ရန်၊ နိုင်ငံအနှံ့စစ်မျက်နှာကို ရင်ဆိုင်ရသဖြင့် တပ်သားလိုအပ်ချက်ကို ဖြည့်တင်းရန်အတွက် ထိုစစ်တပ်ထောက်ခံသူများ၊ အမျိုးသားရေးအစွန်းရောက်များကို လက်နက်တပ်ဆင်လာခဲ့သည်။ ထို့ကြောင့် အမျိုးသားရေးအစွန်းရောက်များသည် ဆန္ဒပြပွဲများကိုသာ ဦးဆောင်ကျင်းပသောအဆင့်မှ ၎င်းတို့၏ အစွန်းရောက်အတွေးအခေါ်များကို ကိုယ်စားပြုသည့် နိုင်ငံရေးပါတီများထူထောင်ခြင်း၊ စစ်အာဏာသိမ်းပြီးနောက်ပိုင်းတွင် လစ်ဟာသွားသည့် ပြည်တွင်းအခြေပြုသတင်းဌာနများနေရာ၌ အစားထိုးဝင်ရောက်၍ ဝါဒဖြန့်ချိရေး မီဒီယာများအဖြစ်ကျယ်ပြန့်စွာလုပ်ဆောင်လာခြင်းမှတဆင့် နောက်ဆုံးတွင် သေနတ်ကိုင်ဆောင်၍ တိုက်ခိုက်သတ်ဖြတ်လာသည့် အဆင့်သို့ ရောက်ရှိလာခဲ့သည်။

“လူမျိုးစုလက်နက်ကိုင်အဖွဲ့များသည် ဗမာလူမျိုးများကို အချင်းချင်းသတ်ဖြတ်စေကာ စစ်ရေးနှင့် နိုင်ငံရေးအရ အမြတ်ထုတ်နေသည်၊ ခရစ်ယာန်ဘာသာဝင်တော်လှန်ရေး အင်အားစုများက ဗုဒ္ဓဘာသာဘုန်းကြီးများကို အကြမ်းဖက်သတ်ဖြတ်ခိုင်းသည်” စသည့် လူမျိုးရေး၊ဘာသာရေးအစွန်းရောက်အတွေးအခေါ်များကို အခြေပြု၍ လက်နက်ကိုင်တပ်ဖွဲ့များကို တည်ထောင်လာခဲ့သည်။ စစ်တပ်ကို ဆန့်ကျင်တော်လှန်

သူများကို အကြမ်းဖက်သူများ၊ ဗုဒ္ဓဘာသာကိုဖျက်ဆီးသူများ၊ နိုင်ငံပြိုကွဲအောင် လုပ်ဆောင်သူများအဖြစ် ပုံဖော်ကာ စစ်တပ်ထောက်တိုင် လက်နက်ကိုင်တပ်များကိုမူ နိုင်ငံနှင့် အမျိုးဘာသာသာသနာကို စောင့်ရှောက်သူများ၊ ဒေသတွင်း ငြိမ်းချမ်းရေးကို ကာကွယ်သူများအဖြစ် ဇာတ်ကြောင်းဖန်တီးပုံဖော်ထားသည်။

အဆိုပါလက်နက်ကိုင်အဖွဲ့များသည် စစ်ကောင်စီတပ်များနှင့်အတူ ပူးပေါင်းကာ စစ်ရာဇဝတ်မှုများ၊ လူ့အခွင့်အရေးချိုးဖောက်မှုများကို နိုင်ငံအနှံ့ ကျူးလွန်လျက်ရှိသည်။ လူထုကြားတွင် မလုံခြုံမှုများ၊ အကြောက်တရားများ ပိုမိုပျံ့နှံ့စေရန်အတွက် တော်လှန်ရေးတွင်ပါဝင်ဆောင်ရွက်နေသူများကိုသာမက သက်ဆိုင်ရာ မိသားစုဝင်များကိုပါ ပစ်မှတ်ထား ခြိမ်းခြောက်သတ်ဖြတ်လျက်ရှိသည်။ ထိုကဲ့သို့ လက်နက်ကိုင်ဆောင်ကျူးလွန်မှုများကို အမျိုးသားရေးအစွန်းရောက်များကိုယ်တိုင်ပြုလုပ်လာကြခြင်းသည် တော်လှန်ရေးကာလတွင်သာမက တော်လှန်ရေးအလွန်တွင် လူတဦးချင်းစီ၏ လွတ်လပ်ခွင့်နှင့် လုံခြုံရေးကို ခြိမ်းခြောက်လာနိုင်သည်။ လက်ရှိတွင် စစ်တပ်ထောက်ခံသူ ဒေသခံ ပြည်သူ့စစ်(ပျူစောထီး)များသည် နယ်မြေအခြေအနေကျွမ်းကျင်ခြင်း၊ မြေပြင်သတင်းအချက်အလက်များ စုဆောင်းနိုင်ခြင်းများကြောင့် တော်လှန်ရေးအင်အားစုများအတွက် မြေပြင်စိုးမိုးမှုရယူနိုင်ရန် အဟန့်အတားဖြစ်စေသည်။

တဘက်တွင် စစ်အုပ်စုကျောထောက်နောက်ခံ ပြည်သူ့စစ်(ပျူစောထီး)အဖွဲ့သို့ ဝင်ရောက်လိုသူများရှိသကဲ့သို့ ဖိနှိပ်မှုများ၊ ခြိမ်းခြောက်မှုများကြောင့် ပျူစောထီးအဖွဲ့သို့ ဝင်ရောက်နေရသူများလည်းရှိသည်။ နေအိမ်ရှိ အမျိုးသားများ တိမ်းရှောင်ပါက ကျန်ရှိသည့် မိသားစုဝင်များကို ဖိနှိပ်ပြီး မိသားစုလိုက် နေရပ်စွန့်ခွာပါက ပိုင်ဆိုင်မှုများကို ဖျက်ဆီးသိမ်းဆည်းခံကြရသည်။ နိုင်ငံ၏ ရင်းမြစ်များကို ထိန်းချုပ်ထားသော စစ်အုပ်စုကို ဆန့်ကျင်တော်လှန်နေရခြင်းဖြစ်သဖြင့် တိမ်းရှောင်လာသူများကို ရေရှည်ပံ့ပိုးနိုင်ရန်မှာလည်း တော်လှန်ရေးအင်အားစုများအတွက် အကန့်အသတ်ဖြစ်နေသည်။ ပျူစောထီး မဖြစ်လိုဘဲ လုပ်ဆောင်နေရသူများကို ကူညီနိုင်ရန်မှာ ကြီးမားသော စိန်ခေါ်မှုတခုဖြစ်လျက်ရှိသည်။

# ရည်ညွှန်းအကိုးအကား


Ayeyarwaddy Times. (2021, June 14). စစ်ကောင်စီဘက်မှ ၎င်းတို့နှင့် နီးစပ်သော လူငယ်အချို့ကို အခြေခံ စစ်သင်တန်းပေးနေ. https://www.facebook.com/508784185946254/posts/1913277585496900

Ayeyarwaddy Times. (2023a, February 28). *မြိုင်တွင် စစ်ကောင်စီတပ်များ အကူအညီမပေးနိုင်၍ ပျူစောထီးအဖွဲ့ဝင်များ ၎င်းတို့ အခြေချရာ ပျူရွာများကို စွန့်ခွာမှုများရှိလာ* https://www.facebook.com/508784185946254/posts/2424656304359023

Ayeyarwaddy Times. (2023b, August 28). *ကလေးမြို့တွင် စစ်ကောင်စီက PDF အယောင်ဆောင်၍ ဓားပြတိုက် ငွေညှစ်မှုများ ပိုမိုလုပ်ကိုင်လာသောကြောင့် မြို့ခံပြည်သူများ ထိတ်လန့်နေ.* https://www.facebook.com/100067770862498/posts/628211189447904

BAP. (2022, February 22). ပျူစောထီး အများစုရှိသည့် ကျေးရွာ ၅ ရွာကို ကုန်စည်တင်ပို့မှု မလုပ်ကြရန် မဟာမိတ် တပ်ပေါင်းစုက တားမြစ်. Burma Associated Press. https://www.facebook.com/105480538254654/posts/342668517869187

BBC News မြန်မာ. (2021a, July 30). မင်းကင်းမြို့ ပန်းဆက်၊တောင်ဖြူတိုက်ပွဲ ဖြစ်ရပ်မှန်. *BBC News မြန်မာ.* https://www.bbc.com/burmese/burma-58021325

BBC News မြန်မာ. (2021b, September 25). ပျူစောထီးအဖွဲ့ဟာ ဘယ်လိုအဖွဲ့အစည်းမျိုးလဲ၊ ဘယ်သူတွေနဲ့ ပတ်သက်နေသလဲ. *BBC News မြန်မာ.* https://www.bbc.com/burmese/world-58679321

BBC News မြန်မာ. (2022, March 9). အသက် ၃ နှစ်အရွယ်ကလေးနဲ့ မိခင် ၊ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ဝင် ၅ ယောက် အသတ်ခံခဲ့ရပါတယ်. *BBC News မြန်မာ.* https://www.bbc.com/burmese/burma-60675390

BVJ. (2021, December 6). *အရာတော်မြို့နယ်၊ သလဲဘာရွာက ပျူစောထီးအိမ်ကို PDF တွေက ပြည်သူပိုင်သိမ်း.* Burma VJ. https://www.facebook.com/100446442122984/posts/272187641615529

BVJ. (2023, January 15). *လက်နက်ကိုင်ပျူတစ်ဦးအားရှင်းလင်းပြီး ကားနှင့်ပျူတစ်ဦးအရှင်ဖမ်းဆီးထားဟု ပေါက်ပြောက်ကျားတပ်ဖွဲ့ပြော၊ အသတ်ခံရသူဟာ ပျူစောထီးမဟုတ်ဟုထောက်ပို့အဖွဲ့များဆို.* Burma VJ. https://www.facebook.com/100064760958738/posts/547491594086201

CJ Platform. (2022, December 26). ကန့်ဘလူမြို့နယ်အတွင်း အမျိုးသမီးများပါ ပျူသင်တန်းတက်ရန် ဦးဝါသဝ ကိုယ်တိုင် လိုက်လံစည်းရုံးနေ. https://www.facebook.com/107006828743473/posts/157462340364588

Dawei Watch. (2015, March 23). စွမ်းအားရှင် ဘာလဲ တာဝန်လက်ပတ်နီ ဘယ်လဲ. Dawei Watch New Media. http://www.daweiwatch.com/2015/03/23/opinion/thoughts-opinion/1090/

Dawei Watch. (2023, February 12). ပလောက်မြို့တွင် အုပ်ချုပ်ရေးမှူး၏ မိသားစုဝင် ၇ ဦးပစ်သတ်ခံရ. https://www.facebook.com/139053342889519/posts/5571243886337077

DNA. (2022a, June 25). ခရမ်းက အိမ်တစ်အိမ်ကို လက်နက်ကိုင်တစ်စု ခားပြဝင်တိုက်၊ ကျပ်သိန်း ၇၀ နဲ့ ရွှေ ၆ ကျပ်သားယူသွား. Delta News Agency. https://www.facebook.com/662575584120143/posts/1680620942315597

DNA. (2022b, December 14). စစ်တပ်နဲ့ ပျူစောထီးတွေသာနေတဲ့ရွာကို ဈေးရောင်းတဲ့ ဈေးသည်တွေ ကြိမ်ဒဏ်ပေးခံရ. Delta News Agency. https://www.facebook.com/662575584120143/posts/1812657992445224

DVB. (2021, October 11). ထီးလင်းမြို့နယ်တွင် ပျူစောထီးအဖွဲ့ထံမှ တူမီးသေနတ် အလက် ၂၀ သိမ်းဆည်းရမိ. DVB Burmese. https://burmese.dvb.no/post/493170

DVB. (2022a, April 28). ပြည်သူ့လုံခြုံရေးစနစ် လုပ်ဆောင်နေပြီး လိုအပ်တာ ပံ့ပိုးပေးမည်ဟု စစ်ကောင်စီပြော. DVB Burmese. https://burmese.dvb.no/post/530184

DVB. (2022b, August 21). ကလေးမြို့တွင် ပြည်သူ့စစ်(ပျူစောထီး)အဖွဲ့ကို စစ်ကောင်စီက ဆိုင်ကယ်အစီး ၁၂၀ ပေး. https://burmese.dvb.no/post/550078

Eleven. (2022, July 27). အစိုးရနှင့် တပ်မတော်အနေဖြင့် ပျူစောထီးအဖွဲ့ ဖွဲ့စည်းခဲ့ခြင်းမရှိဘဲ လိုအပ်ပါက ပြည်သူ့စစ်ဖွဲ့စည်းမှုသာရှိကြောင်း နစက ပြောရေးဆိုခွင့်ရှိသူပြောကြား. Eleven Media Group. https://news-eleven.com/article/234728

Khit Thit Media. (2022, April 30). မင်းအောင်လှိုင် စီမံချက်ဖြစ်တဲ့ ပြည်သူ့လုံခြုံရေးအဖွဲ့တွေ ဖွဲ့ဖို့ အောက်ခြေမှာ စတင်လုပ်ဆောင်၊ လိုအပ်တဲ့ လက်နက်တွေ တပ်ဆင်မယ်လို့ ဇော်မင်းထွန်းကပြော. https://www.facebook.com/385165108587508/posts/1484568028647205

Khit Thit Media. (2023, June 7). ထန်းတပင်မြို့နယ် မဘသ ဒုဥက္ကဋ္ဌ လူမိုက် ပျူစောထီး နိုင်ကြီးအဖွဲ့က သတ်ဖြတ်မှုတွင် ဦးဆောင်ပါဝင်ခဲ့. https://www.facebook.com/100066528465996/posts/609028767991400?_rdc=2&_rdr. https://www.facebook.com/100066528465996/posts/609028767991400?_rdc=2&_rdr

MFP. (2023, May 30). ကန့်ဘလူနဲ့ ကျွန်းလှမှာ ဒေသခံတွေကို မဲနှိုက်ပြီး ပျူထဲ ဝင်ခိုင်း၊ ပျူတစ်ယောက်ကို တစ်လကျပ်သုံးသိန်းနှုန်း ရပ်ရွာက စုပေါင်း ပေးဆောင်ရ. Mandalay Free Press - MFP. https://www.facebook.com/100070473873342/posts/299731565719304

Mizzima. (2022a, March 15). မော်လိုက်မြို့နယ်တွင် ပျူစောထီးသင်တန်းတိုက်ခိုက်ခံရပြီး စစ်ကောင်စီဗိုလ် အပါအဝင် ၄ ဦး သေဆုံး. Mizzima - News in Burmese. https://www.facebook.com/216265185075061/posts/5404152152952979

Mizzima. (2022b, August 23). *သရက်ချောင်းမြို့ရှိကျေးရွာများတွင် PDF အမည်ကိုအသုံးချပြီး ဓားပြတိုက်မှုများ ဖြစ်ပေါ်နေ*. Mizzima - News in Burmese. https://www.facebook.com/216265185075061/posts/5863454620356061

Mizzima. (2022c, September 11). အမရပူရမြို့နယ်တွင် လည်ပင်းလှီးဖြတ်ဒဏ်ရ ဖြင့်သေဆုံးနေသည့် ရုပ်အလောင်း ၃လောင်းတွင် သွေးသောက်အဖွဲ့ အမှတ်တံဆိပ်တွေ့. Mizzima - News in Burmese. https://www.facebook.com/216265185075061/posts/5918286061539583?_rdc=2&_rdr

MLIS. (2023, January 31). လက်နက်ခဲယမ်းကိုင်ဆောင်ခွင့်မှု. မြန်မာဥပဒေသတင်းအချက်အလက်စနစ်. https://www.mlis.gov.mm/mLsView.do;jsessionid=C03208BD690FCC38F6A6EB6D7E71FCAF?lawordSn=18875

MPA. (2022, April 28). သရုပ်ဆောင်ဟိန်းထက်၏ အဘိုးပစ်သတ်ခံရ ၊ရန်ကုန်သွေးသောက်အဖွဲ့၏ လက်ချက်ဟုဆို. https://www.facebook.com/874334009274294/posts/7415606515146978?_rdc=2&_rdr

Myanmar National Post. (2022). *၁၂ ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲ Myanmar National Post အမေး - အဖြေ မှတ်တမ်း*. MyanmarNationalPost. https://www.mmnationalpost.com/2022/03/myanmar-national-post.html

Myanmar Now. (2021a, February 25). အာဏာသိမ်းစစ်တပ်ထောက်ခံသူများက ပြည်သူတစ်ဦးကို ဓားဖြင့် ထိုးသတ်. Myanmar Now. https://myanmar-now.org/mm/news/5868/

Myanmar Now. (2021b, July 3). စစ်တပ်ကို ထောက်ခံသည့် ပျူစောထီး ပိုမို လှုပ်ရှားလာ. https://myanmar-now.org/mm/news/7333/

Myanmar Now. (2021c, October 14). ယောဒေသကာကွယ်ရေးတပ်ဖွဲ့နှင့် ပူးပေါင်းလာသည့် ပျူစောထီးများကို စောင့်ကြည့်မည်. https://myanmar-now.org/mm/news/8819/

RFA. (2022a, March 14). ပြည်သူ့စစ်အမည်ခံ ပျူစောထီးအဖွဲ့တွေမှာ မဘသ ဆရာတော်တွေ ပါဝင်နေ. *Radio Free Asia.* https://www.rfa.org/burmese/program_2/mabatha-monks-are-included-in-phusawhtee-03142022082052.html

RFA. (2022b, April 29). ရွှာင်မြို့နယ် ပဲရင်းတောင်ရွာက အသတ်ခံရသူ ကိုးဦး PDF နဲ့ ဆက်စပ်မှုမရှိ. *Radio Free Asia.* https://www.rfa.org/burmese/program_2/nine-people-killed-in-ywangan-tsp-have-no-connection-with-pdf-04292022094710.html

RFA. (2022c, August 23). *ဒေသခံခြောက်ဦးကို ဒလန်လို့ စွပ်စွဲသတ်ခဲ့တဲ့ YDF ကို တာဝန်ယူဖြေရှင်းဖို့ ယောကာကွယ်ရေးအဖွဲ့တွေပြော.* RFA Burmese. https://www.facebook.com/39218993127/posts/10162005787208128

Tachileik News Agency. (2022a, March 1). ဗုဒ္ဓဘာသာသာသနာနှုန်းကြီးအချို့ သက်န်းဝတ်ဖြင့် သေနတ်ကိုင်ပြီး အာဏာသိမ်းစစ်ကောင်စီအတွက် စည်းရုံးရေးဆင်းနေ. https://www.facebook.com/watch/?v=1115529775939088

Tachileik News Agency. (2022b, July 30). မန္တလေး မဟာအောင်မြေတွင် ပျူစောထီးများကို စစ်ကောင်စီ လက်နက်တပ်ဆင်ပေးနေ. Tachileik News Agency. https://www.facebook.com/152468894774959/posts/5507798612575267

Than Lwin Times. (2022, December 7). *ပွင့်ဖြူ NLD အလုပ်အမှုဆောင်ကို PDF တွေသတ်တယ်လို့ သတင်းမှားဖြန့်.* https://www.facebook.com/163055077152350/posts/4359264717531344

The 74 Media. (2021, November 20). *တန့်ဆည်မြို့နယ်တွင် ပျူစောထီးအဖွဲ့က PDF ဟုဆိုကာ ဒေသခံများကို ဓါးပြတိုက်.* https://www.facebook.com/111407293712134/posts/449534219899438

Tun, T. (1969). *ခေတ်ဟောင်းမြန်မာရာဇဝင်* (Second Edition). မဟာဒဂုံစာပေ ထုတ်ဝေရေး.

စသန့်ဇင်. (2022, March 24). စစ်ကိုင်းတွင် ပျူစောထီးအားကိုးဖြင့် စစ်ရှိန်မြှင့်ရန် စစ်ကောင်စီကြံ့ူးဝါး. Myanmar Now. https://myanmar-now.org/mm/news/10868/

ဆွေဝင်း. (2015, August 4). ရွေးကောက်ပွဲကျင်းပမည့်နှစ်တွင် တစ်ကျော့ပြန် ထွက်ပေါ်လာသည့် စွမ်းအားရှင်များ. Myanmar Now. https://myanmar-now.org/mm/news/567/

တင်အောင်ခိုင်. (2021, February 25). ရန်ကုန်မှာ တပ်ထောက်ခံသူတွေ တိုက်ခိုက်လို့ တစ်ဦးဓားထိုးခံရပြီး တချို့ထိခိုက်ဒဏ်ရာရ. *Radio Free Asia.* https://www.rfa.org/burmese/news/army-supporters-attack-02252021053633.html

မြေလတ်အသံ. (2022, October 19). မြိုင်နယ်ကကျေးရွာတွေမှာ ပျူတွေက သေနတ်နဲ့လိုက်ပစ်နေလို့ တောင်သူတွေမြေပဲမနှုတ်ရဘဲ ထွက်ပြေးနေရ. မြေလတ်အသံ - Myaelatt Athan. https://www.facebook.com/2206963259620238/posts/3286002008383019

မြေလတ်အသံ. (2023, February 21). ပုလဲနယ်က စစ်ရှောင်အချို့ကို မြို့နယ် ပအဖ က ငွေနဲ့ရိက္ခာလှူဒါန်း. မြေလတ်အသံ - Myaelatt Athan. https://www.facebook.com/2206963259620238/posts/3390489014600984

မောင်ရွှေဝါ. (2022, October 10). *စစ်သင်တန်းဆင်း ပျူစောထီး ၂၇ ဦး ခိုလှုံလာ ဟု မြိုင် PDF ပြော.* Myanmar Now. https://myanmar-now.org/mm/news/12836/

ဝသုန်ငြိမ်းအေး. (2022, February 26). ဒုက္ခသည်တို့၏ ရိက္ခာကို တပ်နှင့်ပျူစောထီး လုယက်နေဟု ပုလဲဒေသခံတို့ပြော. Myanmar Now. https://myanmar-now.org/mm/news/10591/

ဝေဟင်စိုး. (2022, August 11). ပြည်သူ့လုံခြုံရေးအဖွဲ့များ ဖွဲ့စည်းမည်ဟု စစ်ခေါင်းဆောင် စိုးဝင်းပြော. Mizzima - News in Burmese. https://www.facebook.com/MizzimaDaily/posts/5828661093835414/?paipv=0&eav=AfaBQW-izIl2I4pYK_CvOPCLwbrheDP3R1pfZxSq-VgBOAoxpNhoWVGvd2KnAxCvRf8&_rdr

သျှမ်းသံတော်ဆင့်. (2021, August 26). *ပျူစောထီးအဖွဲ့ ပြည်သူ့နေအိမ်များကို ပစ်ခတ်ခြောက်လန့်နေကြောင်း ဖယ်ခုံ(PDF) ထုတ်ပြန်.* SHAN News (Burmese Version). https://www.facebook.com/263707297055054/posts/4306315156127561

သူရမောင်. (2021, December 31). ပျူစောထီးနဲ့ စစ်ကောင်စီတပ်က ကန့်ဘလူ မြို့နယ် ရီးထွေးရွာကို မီးရှို့ပြီး စပါးတွေသိမ်းယူနေ. Myanmar Now. https://myanmar-now.org/mm/news/9906/

သူရမောင်. (2023a, June 21). *ရွှေဘို PDF က ပျူစောထီး ၄ ဦးကို ပစ်သတ်ပြီး လက်နက်များ သိမ်းဆည်း.* Myanmar Now. https://myanmar-now.org/mm/news/38349/?fbclid=IwAR0sY8qYOmfJZgrkk8gUCi0HoS63NzL1hYA1_f8P1uv-LrdbklSv9db0lC8

သူရမောင်. (2023b, October 6). ကန့်ဘလူနယ်မှ ပျူစောထီးများကို ကျပ်သိန်း ၅၀၀ ကျော်ပေး. Myanmar Now. https://myanmar-now.org/mm/news/43033/?fbclid=IwAR1SkeyVv3QGLLIyFEkbA2rPkVuP2RRtavJKZ3rXoTxETyMDDp4Aku4IOP8

သူရမောင်, & စထွန်းအောင်. (2022, October 28). နိုင်ငံတော် ဒေသဖွံ့ဖြိုးရေးငွေကိုသုံးကာ စစ်ကောင်စီက ပျူစောထီးများကို ငွေထောက်ပံ့. Myanmar Now. https://myanmar-now.org/mm/news/13053/

အောင်နိုင်သူ. (2022, July 29). စစ်ကိုင်းက ပျူစောထီးနှင့်ပြည်သူ့စစ်တွေကို စစ်ကောင်စီတိုင်းမှူးက သိန်းသုံးထောင်ထောက်ပံ့. https://www.facebook.com/107006828743473/posts/116776037766552

ဦးအောင်ခင်, & ဉာဏ်ဝင်းအောင်. (2022, September 1). ပြည်သူ့စစ်အမည်ခံ ပျူစောထီး. *VOA Burmese.* https://burmese.voanews.com/a/weekly-current-affairs-analysis-physawhti-militia/6725211.html&fbclid=IwAR0FngnMLqUyQLgcuKTFOk-f4V5xLNzCJgVdK4VKnKthr-8FKLuvaXAJYkg

ဧရာဝတီ. (2021, July 29). *မင်းကင်းတွင် PDF အဖွဲ့ဝင် ၅၀ ကျော် ထောင်ချောက်ဆင်ဖမ်းခံရ.* ဧရာဝတီ. https://burma.irrawaddy.com/news/2021/07/29/244622.html

ဧရာဝတီ. (2022a, March 19). *ဂန့်ဂေါ မြောက်ခင်ရန်းရွာကို PDF များ ဝင်တိုက်ပြီး ဒေသခံ ၄၀၀ ကျော်ကို ကယ်ထုတ်.* The Irrawaddy - Burmese Edition. https://www.facebook.com/121507374560090/posts/5506575869386520

ဧရာဝတီ. (2022b, April 27). *ပျူစောထီးနှင့် ဒေါက်တိုင်လက်နက်ကိုင်များ စစ်ကောင် စီကို စွန့်ခွာရန် NUG သတိပေး.* The Irrawaddy - Burmese Edition. https://www.facebook.com/121507374560090/posts/5611927148851391

ဧရာဝတီ. (2022c, June 28). မဘသ ဆရာတော် ဦးဝါသဝ ပျူစောထီးအဖွဲ့များ ဖွဲ့စည်းနေ. https://burma.irrawaddy.com/news/2022/06/28/252816.html

# အစွန်းရောက်အမျိုးသားရေး
# အတွေးအခေါ် အား
# လက်နက်တပ်ဆင်ခြင်း

NYAN LYNN THIT ANALYTICA